မန္တလေး
နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၁၄၃)၊ ၁၃၈၈ ခုနှစ် ၊ ကဆုန်လပြည့်၊ ၃၀–၄–၂၀၂၆၊ ကြာသပတေးနေ့။

**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# မန္တလေးတိုင်းဒေသကြီးရှိ သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲကျင်းပ

**ယခုပြီးစီးသည့် စီမံကိန်းနှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်**



မန္တလေးတိုင်းဒေသကြီးရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

နေပြည်တော် ဧပြီ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ Leader power Co.,Ltd မှ တည်ဆောက်သော သာစည် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ Hanzar Solar Energy Co.,Ltd မှ တည်ဆောက်သော သပြေဝ ၄၀ မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အဆိုပါစက်ရုံရှေ့ ဖွင့်ပွဲမှတ်တိုင်ရှေ့၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် Asia World Co., Ltd.မှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုပြီးစီးသည့် စီမံကိန်း နှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စု ပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်ဆဲ ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ပြီးမြောက်မည်ဖြစ်ကြောင်း၊ စက်ရုံအမြန်ပြီးစီးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်အတွက် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်နေသည့် စီမံကိန်းများသည် နှောင့်နှေးကြန့်ကြာမှုများရှိနေပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်လျက်ရှိသည့် စက်ရုံများအနက်မှ အချို့သည်လည်း ဖျက်ဆီးမှုများခံခဲ့ရသည့်အတွက် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိပါကြောင်း၊ ပို့လွှတ်မှုအပိုင်းတွင်လည်း ဝေးလံသည့် ခရီးတစ်လျှောက် ပို့လွှတ်ရသဖြင့် ဓာတ်အားများ လျော့နည်းဆုံးရှုံးသကဲ့သို့သဘာဝဘေးဒဏ်နှင့်လူတို့၏ ဖျက်ဆီးခြင်းခံရသဖြင့် အချို့ဓာတ်အားလိုင်းကြီးများ ပျက်စီးလျက်ရှိပါကြောင်း၊ ယင်းအတွက်ကြောင့် ကောင်းမွန်သည့် ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများ ထမ်းဆောင်နေရသဖြင့် မကြာခဏ System Break Down ဖြစ်၍ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဖြန့်ဖြူးသည့် နည်းစနစ်၏ အားနည်းမှုနှင့် မသမာမှုများကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများ ရှိနေပါကြောင်း၊ ယင်းသို့အားနည်းချက်များ ရှိနေသည့်အတွက် ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အားကို မျှဝေသုံးစွဲနေရပါကြောင်း၊ ယင်းသို့ လျှပ်စစ်ဓာတ်အားစနစ်၏ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖြန့်ဖြူးရေးအပိုင်းတွင် ဖြစ်ပေါ်နေသည့် အားနည်းချက်များကိုလည်း နည်းပညာဖြင့် ထိန်းကျောင်းခြင်း အပါအဝင် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်ရုံများ တည်ဆောက်ခဲ့မှု Documentary Movie ကို ကြည့်ရှုပြီး ဓာတ်အားပေးစက်ရုံ ဧရိယာအတွင်း လှည့်လည်စစ်ဆေးကာ ရှုရပ်မှနေ၍ ဆိုလာများ တပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ ထပ်မံအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် ဧပြီ ၂၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။ **မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဧပြီ ၃၀ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## ထူးမြတ်သည့်ကဆုန်လပြည့် ဗုဒ္ဓနေ့

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသလက္ခဏာများဖြင့် ပြည့်စုံလှသည်။ လတကာတို့တွင်လည်း ကဆုန်လသည် မွန်မြတ်သောလပင်ဖြစ်သည်။ အကြောင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လမှာပင် ဖွားမြင်တော်မူခဲ့သည်။ ဘုရားအဖြစ်သို့ရောက်တော်မူခဲ့သည်။ ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လကို လတကာလတို့ထက် အလေးအနက်ပြုကြလျက် လေးစားရိုကျိုး မြတ်နိုးကြသည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသ လက္ခဏာများဖြင့် ပြည့်စုံလှသည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟူသော စကားနှင့်အညီ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရား ဖွားမြင်တော်မူသောနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်သည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ်ခြောက်ဆယ့်ရှစ်ကြွံ ကဆုန်လပြည့် သောကြာနေ့ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဥ မဟီလိုက်ဆူ ဖွားတော်မူခဲ့သည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ဖြစ်သည့် ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ကို ဒီပင်္ကရာမြတ်စွာဘုရားက နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့မှာ ပေးခဲ့၍ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည်။ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကိုရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် ဤကဲ့သို့သော ထူးခြားချက်များကြောင့် ဗျာ၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် ဗုဒ္ဓနေ့ဟု အဆိုရှိခဲ့သည်။ ထို့ပြင် ကပိလဝတ်ပြည်မှာ သက္ကတိုင်း၏ မြို့တော်ဖြစ်ပြီး ကပိလဝတ္ထုကို မြန်မာတို့က ကပိလဝတ်ဟု ခေါ်ဆိုကြသည်။ ကပိလဝတ္ထုဟူသည်မှာ ကပိလရသေ့ကြီး၏ ကျောင်းသင်္ခမ်းနေရာဖြစ်သည်။ ယင်းနေရာ၌ တည်သောမြို့ဖြစ်၍ ကပိလဝတ္ထုဟု အမည်တွင်သည်။ လုမ္ဗိနီမှာ ဗုဒ္ဓဘာသာဝင်တို့ အလွန်လေးစားရာ သတိသံဝေဂယူရာ သံဝေဇနီယဌာနဖြစ်သည်။ အလောင်းတော်သိဒ္ဓတ္ထသည် ဤလုမ္ဗိနီတွင် ဖွားတော်မူခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် လုမ္ဗိနီဥယျာဉ်တွင် ဖွားမြင်တော်မူပြီး သက်တော် ၁၆ နှစ်အရွယ်တွင် သုံးသွယ်ရွှေနန်းကို ၁၃ နှစ်စံတော်မူခဲ့သည်။

သက်တော် ၂၉ နှစ်အရွယ် ရောက်သောအခါ လေးမျိုးနိမိတ်နတ်ပြဟိတ်ကြောင့် ရွှေစိတ်တော်ငြီးငြင် သံဝေဂရကာ ဝါဆိုလပြည့် ကျားမင်းနေ့ဝယ် တောထွက်တော်မူခဲ့သည်။ တောရပ်မြိုင်တွင် ခြောက်နှစ်ကြာ တရားအားထုတ်တော်မူပြီးနောက် ကဆုန်လပြည့် ဆင်မင်းနေ့ဝယ် သစ္စာလေးပါးမြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး အတုမရှိ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဤတွင် မြတ်စွာဘုရားရှင်က ဤသည်ကား ဒုက္ခတည်း။ ဤသည်ကား ဒုက္ခဖြစ်ခြင်း အကြောင်းတည်း။ ဤသည်ကား ဒုက္ခချုပ်သိမ်းကင်းငြိမ်းရာတည်း။ ဤသည်ကား ဒုက္ခချုပ်သိမ်း ကင်းငြိမ်းရာသို့ ရောက်ကြောင်း အကျင့်တည်းဟု သိမြင်ခြင်းဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဟူသောအမည်ကို ခံတော်မူလေသည်။

မြတ်စွာဘုရားရှင် မာရ်ငါးပါးကို အောင်မြင်တော်မူရာဖြစ်၍ သံဝေဇနီယနှင့် အဝိဇဟိတနှစ်ဌာနလုံးမှာ အခါခပ်သိမ်း မပျက်သောထူးမြတ်သည့် နေရာဌာနဖြစ်သည်။ ဗုဒ္ဓအဖြစ်သို့ရောက်သောအခါ သုံးမည်ဘုံသိုက် တစ်သောင်းတိုက်ဝယ် ကျွတ်ထိုက်သူနတ်လူပြဟ္မာ သတ္တဝါတို့ကို ခေမာသောင်သို့ နိဗ္ဗာန်ဖောင်ကူးတို့ဖြင့် ပို့တော်မူသည်။ မြတ်စွာဘုရားရှင်သည် သက်တော်ရှစ်ဆယ်၊ လေးဆယ့်ငါးဝါအရောက် သက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ဝယ် ချမ်းမြေ့နိဗ္ဗူ စံတော်မူလေသည်။ သို့ဖြစ်ရာ ထူးမြတ်သည့် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မင်္ဂလာအခမ်းအနားများကို မြန်မာပြည်တစ်ဝန်းဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၉**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လေပြင်းဘေးအန္တရာယ်ခံစားခဲ့ရသည့် နေအိမ်များအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားများ ပေးအပ်

**ပျော်ဘွယ် ဧပြီ ၂၉**

ပျော်ဘွယ်မြို့နယ်အတွင်း ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၈ ရက် ညနေပိုင်းတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျမှုကြောင့် အိမ်ပြိုပျက်စီးခြင်း၊ နေအိမ်အမိုးလန်ခြင်း၊ စာသင်ဆောင် အမိုးလန်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး အဆိုပါပျက်စီးမှုများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားပေးအပ်ခြင်းကို ယနေ့နံနက် ၁၁ နာရီက အဆိုပါ နေအိမ်များသို့ သွားရောက်ဆောင်ရွက်ခဲ့သည်။

ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေသားများကို ရမည်းသင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်သောအဖွဲ့တို့သည် သစ်ပင်လဲကျမှုကြောင့် ပျက်စီးခဲ့သည့် နေအိမ် သုံးလုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး ပါဝင်သောပုံးတစ်ပုံးစီနှင့် ငွေကျပ် တစ်သိန်းစီတို့ကိုလည်းကောင်း၊ အိမ်ခေါင်မိုးလန်ပြီး တစ်စိတ်တစ်ပိုင်းပျက်စီးသည့် နေအိမ် ၁၃ လုံးအတွက် ငွေကျပ် ငါးသောင်း စီကိုလည်းကောင်း ပေးအပ်ခဲ့ရာ သက်ဆိုင်ရာအိမ်ရှင်များက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အလျား ပေ ၁၃၀၊ အနံ ပေ ၃၀ ရှိ စာသင်ဆောင် အမိုးလန်ပျက်စီးမှုအတွက် အမိုးသွပ် ၇၀ ချပ်ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **မင်းမင်းထွေး(ပျော်ဘွယ်)**

**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ရက်(၁၀၀)စီမံချက် ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံးမှ ရက်၁၀၀စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်များအား ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီကစတင်၍ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်(၂၃၇)၊ ၂၇လမ်းနှင့် ၈၁လမ်းထောင့်ရှိ ဓနသိဒ္ဓိ အောင်တော်မူဘုရားဓမ္မာရုံတွင် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ချမ်းအေးသာစံမြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးအေးဆွေ ဦးဆောင်သော ဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်း၊ Biometric ကောက်ယူခြင်းများကိုဆောင်ရွက်ကြရာ သီရိဟေမာအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချမ်းသာ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကော်မတီဝင် (မီဒီယာတာဝန်ခံ)ဦးအောင်သူဝင်းနှင့်ပါတီဝင်များ၊ ရာအိမ်မှူးများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၄၁)

## ဘိုးဘွားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြု လှူဒါန်း

**တာချီလိတ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ဘိုးဘွားများအား လစဉ်ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက ဝမ်ကောင်းရပ်ကွက်ရှိ ဘိုးဘွားရိပ်သာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြန်မာ-ထိုင်း-လာအို(သုံးနိုင်ငံ) နယ်ခြားကော်မတီဆက်ဆံရေးတာဝန်ခံ၊ UBL,BLF Company မန်နေဂျင်း ဒါရိုက်တာ၊ နိုင်ငံတော်လူမှုထူးချွန်(တတိယဆင့်)၊ ပြည်နယ်လူမှုထူးချွန် (ပထမဆင့်) ဦးဘိုလေးက ဘိုးဘွားများ၏ နေထိုင်မှုအဆင်ပြေစေရန်နှင့် ကျန်းမာရေးကောင်းမွန်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ယခုကဲ့သို့ လှူဒါန်းပွဲများကို လစဉ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ဒေသခံစေတနာရှင် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ဘိုးဘွား ၂၄ ဦးတို့အား သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုရောဂါ စစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများနှင့် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ ဦးဘိုလေး (UBL, BLF Company)လစဉ်ဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဆေးဝါးကုသိုလ်ပြုလှူဒါန်းလာသည်မှာ ခြောက်ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**ကျော်စေယျာလင်း(ပြန်/ဆက်)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ညွှန်ကြားချက်အမှတ် ၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် ခရိုင်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၃/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်းအစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် ခရိုင်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ခရိုင်အုပ်ချုပ်ရေးမှူး<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ခရိုင်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ခရိုင်ဥပဒေအရာရှိ<br>ခရိုင်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဃ) | ခရိုင်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| ( စ ) | ခရိုင်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး" |

အမိန့်အရ

ခင်လတ်
ဒုတိယဝန်ကြီး
နိုင်ငံတော်သမ္မတရုံး

## မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၄/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-


| | | |
|---|---|---|
| (က) | မြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | မြို့နယ်ဦးစီးမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | အဖွဲ့ဝင် |
| (ဃ) | မြို့နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး | အဖွဲ့ဝင် |
| ( စ ) | မြို့နယ်ရဲတပ်ဖွဲ့မှူး<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး" |

အမိန့်အရ

ခင်လတ်
ဒုတိယဝန်ကြီး
နိုင်ငံတော်သမ္မတရုံး

# အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ




နေပြည်တော် ဧပြီ ၂၉

အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်နေသည့် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ယနေ့တွင် ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးသို့ အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံ စားရေရိက္ခာဖူလုံရေး သတင်းအချက်အလက် စနစ်အတွင်းရေးမှူးရုံးနှင့် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာထားရှိရေး အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသ၏ လက်ရှိပဋိပက္ခများကြောင့် ဖြစ်ပေါ်လာနိုင်သည့် စားရေရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ နွေရာသီ စိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်လက်ကျန် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများ အသုံးပြုဆောင်ရွက်လျက်ရှိရာ ထုတ်လုပ်မှုကို များစွာမထိခိုက်နိုင်သေးသော်လည်း လာမည့်မိုးရာသီ စိုက်ပျိုးထုတ်လုပ်မှုတွင် စက်သုံးဆီနှင့် ဓာတ်မြေဩဇာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် စက်မှုလယ်ယာသုံးဆီများကို အရန်အဖြစ်ထားရှိကာ အမှန်စိုက်တောင်သူများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရေးနှင့် အာဆီယံဒေသတွင်း နိုင်ငံများမှ စက်သုံးဆီ ကူညီပံ့ပိုးမှုရယူ၍ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးချနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ လိုအပ်ချက်အတွက် အာဆီယံ နိုင်ငံများအကြား မျှတစွာခွဲဝေပံ့ပိုးနိုင်ရေးနှင့် အော်ဂဲနစ်သဘာဝ မြေဩဇာများ အစားထိုးအသုံးပြုနိုင်ရေး နည်းပညာဖြန့်ဖြူးမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတွင်း စားရေရိက္ခာဖူလုံမှုကို ပိုမိုခိုင်မာစေရေး အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာစနစ်ကို မြှင့်တင်ရန်၊ သတင်းအချက်အလက် စနစ်မှတစ်ဆင့် အချက်အလက်မျှဝေရန်နှင့် အာဆီယံကုန်စည် ကုန်သွယ်ရေး သဘောတူညီချက်အရ ပွင့်လင်းသော ကုန်သွယ်မှုကို ဖော်ဆောင်ရန် အချက်များကို မြန်မာနိုင်ငံက ထောက်ခံပါကြောင်း၊ မိမိတစ်နိုင်ငံတည်းအတွက်သာမက အာဆီယံအသိုက်အဝန်းတစ်ခုလုံး စားရေရိက္ခာဖူလုံစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး အာဆီယံနိုင်ငံများအနေဖြင့် အာဆီယံစိတ်ဓာတ်ဖြင့် အပြန်အလှန် ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြားသည်။

အစည်းအဝေးတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ ဧပြီ ၂၃ ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး၏ အစီရင်ခံစာကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို အတည်ပြုခြင်းများ ဆောင်ရွက်ကြပြီး ဖိလစ်ပိုင်နိုင်ငံမှ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အာဆီယံ စားရေရိက္ခာဖူလုံမှု၊ မြေဩဇာရရှိရေး ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတုံ့ပြန်မှုများနှင့်စပ်လျဉ်း၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန် ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ လက်ရှိ စားရေရိက္ခာ ဖူလုံမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ လက်ရှိဆောင်ရွက်နေသော နည်းလမ်းများ၊ မူဝါဒလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာကျသော တုံ့ပြန်မှုများကိုဆွေးနွေးရန် ရည်ရွယ်၍ အစည်းအဝေး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၂၄ မှ

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများကသင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။





နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၂)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီး မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

**ပထမစစ်သည်**

**(လက်ဖြောင့်တပ်သားဆုရှင်)**

ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၂၂)မှာ ရရှိခဲ့တဲ့ဆုကတော့ လက်ဖြောင့် တပ်သားဆုပဲဖြစ်ပါတယ်။ ကျွန်တော် ဒီဆုကို ရအောင် သင်တန်းမှာရှိတဲ့ ဆရာဆရာကြီးတွေ သင်ကြားပို့ချမှုကောင်းပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ကြိုးစားအားထုတ်မှုကြောင့် ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ စပြီးတော့ သင်တန်းစတက်ခါစကတော့ ဒီသင်ခန်းစာတွေ လုပ်ရတာခက်ခဲပါတယ်၊ ပင်ပန်းပါတယ်။ ဒါပေမဲ့ ဒီက ဆရာ ဆရာကြီးတွေ သင်ကြားပြသပေးတဲ့ နည်းစနစ်အတိုင်း တိကျစွာလိုက်နာပြီး လုပ်ဆောင်တဲ့ အခါမှာတော့ နောက်ပိုင်းမှာ ကောင်းမွန်မွန်နဲ့ အောင်မြင်စွာ ကျွန်တော်တို့ ဒီသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ် ခင်ဗျ။ ကျွန်တော် အရပ်သားဘဝမှာ နေခဲ့တုန်းကတော့ တစ်နေ့တာကို စိတ်လွတ်ကိုယ်လွတ်နဲ့ ဖြတ်သန်းခဲ့ပါတယ်။ စည်းကမ်းဆိုတာဘာမှန်း မသိခဲ့ပါဘူးခင်ဗျ။ ပေါ့ပေါ့ပါးပါးနဲ့ ဖြတ်သန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီတပ်မတော်ထဲ ရောက်ခဲ့တဲ့အချိန်မှာတော့ အစစအရာရာမှာ စည်းနဲ့ကမ်းနဲ့ အချိန်နဲ့ဇယားနဲ့ နေထိုင်လုပ်ဆောင်ခဲ့ရပါတယ်။ ဒီသင်တန်းဆင်းပြီးလို့ တာဝန်ကျရာတပ်မှာ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာတော့ ကျွန်တော့်ထံ ရှိလာတဲ့ ပေးအပ်တဲ့အမိန့် တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်မယ်လို့ ကျွန်တော် ခံယူထားပါတယ်ခင်ဗျ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဒီပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ပြည်သူတစ်ယောက်အနေနဲ့ မဖြစ်မနေလာရောက်တက်ရောက်ကြပါလို့ နောင်လာမယ့် ညီငယ်လေးတွေကို ဖိတ်ခေါ်ချင်ပါတယ်ခင်ဗျ။

**ဒုတိယစစ်သည်**

ဒီသင်တန်းကို တက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ကနေ ထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရရော၊ ကျွန်တော်တို့ ဒီနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်မှုအတွက်ရော လာရောက်ရခြင်းဖြစ်ပါတယ်ခင်ဗျ။ နိုင်ငံတော်တာဝန်ကို သင်တန်းဆင်းပြီးတော့ စတင်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ကတော့ ရင်လည်းခုန်ပါတယ်၊ စိတ်လည်း စိတ်လှုပ်ရှားပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ဖို့လည်း ကျွန်တော် ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်း အပတ်စဉ်(၁) ဆင်းသွားတဲ့ အိမ်ပြန်ခရီးစဉ်လေးတွေကို ကျွန်တော်တို့ကြည့်ရတာ အင်မတန်မှ ဂုဏ်ယူဖို့လည်း ကောင်းပါတယ်၊ အားရဖို့လည်း ကောင်းပါတယ်။ အင်း ကျွန်တော်တို့ (၂၂) အနေနဲ့လည်း အပတ်စဉ်(၁) က ဆင်းသွားတဲ့အတိုင်း အဆင်ပြေပြေနဲ့ တာဝန်ကျေကျေနဲ့ ထမ်းဆောင်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။ နောက်ထပ်လာမယ့်အပတ်စဉ် ညီငယ်လေးတွေကိုလည်း နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းကိုအကောင်းဆုံး ထမ်းဆောင်နိုင်ပါစေလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

## AYA Bank Tri Nations Cup 2026 (International Women's Friendly Matches) ပြိုင်ပွဲ ဇွန် ၁ ရက် စတင်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ထိုင်းလက်ရွေးစင် အမျိုးသမီးအသင်းနှင့် ဥဇဘက်ကစ္စတန် အမျိုးသမီးလက်ရွေးစင် အသင်းတို့သည် လာမည့် ဇွန်လပထမပတ်အတွင်း ကျရောက်မည့် FIFA International Window ကာလတွင် AYA Bank Tri Nations Cup 2026 (International Women's Friendly Matches) ပြိုင်ပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။




အဆိုပါ ပြိုင်ပွဲကို AYA Bank မှ အဓိကပံ့ပိုးကူညီပေးထားခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း (ကမ္ဘာ့အဆင့် ၅၅) ပိုမိုတိုးတက်လာစေရေးအတွက် ထိုင်း(ကမ္ဘာ့အဆင့် ၅၀)၊ ဥဇဘက်ကစ္စတန် (ကမ္ဘာ့အဆင့် ၅၁)အစရှိသည့် အသင်းကောင်းများနှင့် ခြေစမ်းရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ပွဲစဉ်များကို ဇွန် ၁ ရက် ညနေ ၅ နာရီတွင် မြန်မာနှင့် ဥဇဘက်ကစ္စတန်၊ ဇွန် ၄ ရက် ညနေ ၄ နာရီတွင် ဥဇဘက်ကစ္စတန်နှင့် ထိုင်း၊ ဇွန် ၇ ရက် ညနေ ၅ နာရီတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ပွဲစဉ်များကို ပြည်တွင်းရုပ်သံလိုင်းများနှင့် Youtube Channel တို့မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ယာယီနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်သွားမည်ဖြစ်ပြီး လက်ထောက်နည်းပြများအဖြစ် ဒေါ်သူဇာထွေးနှင့် ဂိုးနည်းပြ ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အသင်းအားပဏာမကစားသမား ၃၅ ဦးဖြင့် ဧပြီ ၂၇ ရက်မှ စတင်ကာ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ပြည်ပရောက် ကစားသမားများသည် မေအစောပိုင်းတွင် အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

၀-၀-၀-၀

---

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

---

## ဧရာဝတီယူနိုက်တက်အသင်းနှင့် နည်းပြချုပ် ဦးချစ်နိုင်တို့ နှစ်ဦးသဘောတူ စာချုပ်ဖျက်သိမ်း

**ရန်ကုန် ဧပြီ ၂၉**

ဧရာဝတီယူနိုက်တက် ဘောလုံးအသင်းသည် နည်းပြချုပ် ဦးချစ်နိုင်နှင့် ၂၀၂၆ ခုနှစ် ဧပြီလမှစတင်၍ နှစ်ဦးသဘောတူ စာချုပ် ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

နည်းပြချုပ် ဦးချစ်နိုင်သည် ၂၀၂၅-၂၀၂၆ မြန်မာနေရှင်နယ်လိဂ်ဖလားပွဲစဉ်များမှ စတင်ကာ အသင်းကို တာဝန်ယူကိုင်တွယ်ကာ လိဂ်ဖလားပွဲစဉ်တွင် ဆီမီးဖိုင်နယ်အဆင့်၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ၂၂ ပွဲကစား ၇ ပွဲနိုင်၊ ၅ ပွဲသရေ၊ ၁၀ပွဲရှုံး ရလဒ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နည်းပြချုပ်တစ်ဦးဖြစ်သည်။



ဧရာဝတီယူနိုက်တက်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြချုပ် ဦးချစ်နိုင်၏ ကြိုးစားအားထုတ်မှုများနှင့် အသင်းအတွက် ပံ့ပိုးကူညီပေးခဲ့မှုများကို အထူးကျေးဇူးတင်ရှိပါတယ်။ ရှေ့ဆက်မည့် ဘောလုံးလောကဖွံ့ဖြိုးမှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ပြီး အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးအပ်ပါသည်" ဟု ထုတ်ပြန်သည်။ **နိုင်ကမ္ဘာ**

# မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား၌ မြန်မာ့နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ




**မန္တလေး မေ ၂၉**

မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား၌ ၁၃၈၈ ခုနှစ်၊ မြန်မာ့နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းအောင်ပွဲ၊ ရေစက်ချအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဘုရားရင်ပြင်၌ ကျင်းပပြုလုပ်ရာ စလင်းဝိဘဒ္ဒဝါဒီစာသင်တိုက်ဆရာတော် ဘဒ္ဒန္တနန္ဒသာရအမှူးပြုသော ပင့်သံဃာ ၄၈ ပါး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်၊ အောင်မြေသာစံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေနှင့်ခရိုင်စီမံအဖွဲ့ဝင် ဦးတင်မောင်ဝင်း၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဝင်းသူအောင်နှင့် ဖိတ်ကြားထားသော ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်ရွတ်အသင်းများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ကြပြီး ဆရာတော်ဘဒ္ဒန္တနန္ဒသာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ မေတ္တသုတ်ပရိတ်ဒေသနာတော်မြတ်တို့ကို နာယူကြည်ညိုကြသည်။ ထို့နောက် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့်တာဝန်ရှိသူများက ဆရာတော်သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ဆရာတော်ဘဒ္ဒန္တနန္ဒသာရထံမှ ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ဘုရားအမှူးပြုသော ဆရာတော်ကြီး ၄၉ ပါးတို့အား လူမှုရေးရာဝန်ကြီး ဦးလှကြွယ်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့်တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်တော်များနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူဒါန်းခဲ့ကြသည်။

မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူးအခါသမယရက်မြတ်တွင် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးအရှည်တည်တံ့ခိုင်မြဲစေရန်၊ ကမ္ဘာလောကကြီးအေးချမ်းသာယာပြီး အခါခပ်သိမ်း သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါတို့က စောင့်ရှောက်စေရန်၊ ကမ္ဘာသူ၊ ကမ္ဘာသားများ၊ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများနှင့် မန္တလေးသူ၊ မန္တလေးသားများ ဘေးဥပဒ်ရန် အသွယ်သွယ်တို့မှကင်းဝေးစေရန်ဟူသော မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ဧပြီ ၁၈ ရက်မှ ၂၈ ရက်အထိ (၁၁)ရက်တိုင်တိုင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်ကြီး ၁၁ သုတ်၊ မဟာသမယသုတ် ၇ သုတ်နှင့် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ဝ၉၃)

## ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မလှိုင် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မလှိုင်မြို့၊ အမှတ်(၂)ရပ်ကွက်၌ မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲရင့်ထွန်း ကြီးကြပ်သောအဖွဲ့က ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်အထက် ရပ်ကွက်နေ ပြည်သူများအား ဆောင်ရွက်ပေးသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာနေရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့်အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများကို သက်ဆိုင်ရာ ရပ်ကွက်အလိုက်မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အမှတ်(၂)ရပ်ကွက်မှ ဒေသခံပြည်သူ ၇၀ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်နှေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းနှင့် UID ရိုက်ကူးပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စော်မင်း(မလှိုင်)**





## မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**မကွေး မေ ၂၉**

မကွေးမြို့နယ်အတွင်းရှိ မြို့မဈေး၊ ကန်သာဈေး၊ ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ မင်္ဂလာဈေးတို့ကို ယမန်နေ့နံနက်ပိုင်းက မီးသတ်ဦးစီးမှူး ဦးစိုးသူ ဦးဆောင်၍ မြို့နယ်ထွေ/အုပ်၊ မြို့နယ်စည်ပင်၊ လျှပ်စစ်၊ ဈေးကော်မတီအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေးအတွက် ဈေးအတွင်း မီးသတ်ယာဉ်များ ဝင်၊ ထွက်သွားလာနိုင်ရေး ဆောင်ရွက်ထားရန် တပ်ဆင်ထားရှိသော မီးသတ်ဆေးဘူးနှင့် မီးသတ်စက်များ အဆင်သင့်ဖြစ်စေရေး Fire Point များ ထားရှိရေး၊ ရေရရှိရေး ၊ ဈေးဆိုင်ခန်းများအတွင်း အသုံးပြုသော လျှပ်စစ်မီးနှင့် လုံခြုံရေးမီးများ စနစ်ကျမှုရှိစေရေးကြပ်မတ်ဆောင်ရွက်သွားရန်၊ ဈေးမဖွင့်မီနှင့် ဈေးပိတ်ချိန်များအတွင်း မီးသတိမူရေး နှိုးဆော်ခြင်းနှင့်လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ကြရန်၊ ဈေးသော့များအား အလွယ်တကူထားရှိရန်၊ အရေးပေါ်ဖုန်းနံပါတ်များ သိရှိနိုင်ရေး ဆောင်ရွက်ထားရှိရန်နှင့် ရေစုပ်စက်များ အဆင်သင့်သုံးနိုင်ရေး ဆောင်ရွက်ထားရန်တို့ကို စစ်ဆေးအကြံပြုပြီး တာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများ မီးသတ်ဆေးဘူးကိုစနစ်တကျကိုင်တွယ် အသုံးပြုတတ်စေရန် ဆောင်ရွက်ခဲ့သည်။

ယခုအချိန်အခါသည်ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်သဖြင့် မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေးအတွက် မီးဘေးလုံခြုံရေးအသိပညာပေးခြင်း၊ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ မျိုးစပါးဖူလုံပိုလျှံရေး မျိုးစေ့ထုတ်စပါးများ စိုက်ပျိုး

**ကျောက်ဆည် မေ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်သည် ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး ဒေသတွင်း စပါးမျိုးစေ့ဖူလုံပိုလျှံရေး ၂၀၂၅-၂၀၂၆ ခုနှစ် နွေရာသီ၌ ရွှေမနော် စပါးမျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

မျိုးစေ့ထုတ် ရွှေမနော်စပါးများကို အင်တိုင်းကျေးရွာကွင်းအမှတ်(၁၄၉)မှ တောင်သူများဖြစ်သော ဦးဆန်းဦး၏ ဦးပိုင်အမှတ်(၁၀၃/၁)တွင် ၅ ဒသမ ၅၀ ဧက၊ ဦးအေးလွင်၏ ဦးပိုင်အမှတ်(၁၀၂/၁)တွင် ၃ ဒသမ ၅၀ ဧက၊ ဦးသောင်းစိန်၏ ဦးပိုင်အမှတ်(၁၀၄/၆)တွင် ၈ ဒသမ ၅၀ ဧက၊ ဦးသိန်းဇော်၏ ဦးပိုင်အမှတ်(၁၂၃/ ၁)တွင် ၅ ဧက၊ ဦးဖိုးကျော်၏ ဦးပိုင်အမှတ်(၁၁၁)တွင် ၅ ဧက၊ ဦးစိုးဝင်း၏ ဦးပိုင်အမှတ်(၁၀၃/၂)တွင် ၆ ဧက၊ ဒေါ်တုတ်၏ ဦးပိုင်အမှတ်(၁၀၂/၂)တွင် ၄ ဒသမ ၅၀ ဧက၊ ဦးဆန်းကို၏ ဦးပိုင်အမှတ်(၃၂/၁)တွင် ၃ ဒသမ ၅၀ ဧက၊ ဦးစိုးရွှေ၏ ဦးပိုင်အမှတ်(၁၀၃/၁)တွင် ၅ ဒသမ ၅၀ ဧက၊ ဦးထွန်းတင်၏ ဦးပိုင်အမှတ်(၁၃၃)တွင် ၉ ဧက၊ ဦးမြင့်၏ ဦးပိုင်အမှတ်(၁၃၀/၁)တွင် ၈ ဧက၊ ဦးစိုးသူဝင်း၏ ဦးပိုင်အမှတ်(၁၀၁/၁)တွင် ၁၅ ဧက၊ ဦးကျော်ဝင်းစိန်၏ ဦးပိုင်အမှတ်(၁၃၂/၄)တွင် ၁၁ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးစေ့ထုတ်စပါးခင်းများ အောင်မြင်ရေးသိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများမှ တောင်သူများနှင့်ပူးပေါင်း၍ မြေပြုပြင်ချိန်၊ စပါးပျိုးထောင်ချိန်မှစ၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထက်ထက်(ကျောက်ဆည်)**



# ရေနံထုတ်လုပ်သည့် နိုင်ငံများအဖွဲ့ (အိုပက်)မှ အာရပ်စော်ဘွားများပြည်ထောင်စု နုတ်ထွက်မည်

**အဘူဒါဘီ ဧပြီ ၂၉**

ရေနံအဓိကထုတ်လုပ်သည့် နိုင်ငံများအဖွဲ့ (အိုပက်)မှ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) နိုင်ငံ နုတ်ထွက်မည်ဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ အဆိုပါ ဆုံးဖြတ်ချက်မှာ မေ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။

ထို့ပြင် ယူအေအီးသည် အိုပက်ပလက်စ်ဟုခေါ်သော ပိုမိုကျယ်ပြန့်သည့် မိတ်ဖက်အဖွဲ့မှလည်း နုတ်ထွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ယင်းဆုံးဖြတ်ချက်သည် ပြောင်းလဲနေသော ဈေးကွက်လိုအပ်ချက်များကို တုံ့ပြန်နိုင်စွမ်း မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး ရေနံထုတ်လုပ်မှုကိုလည်း ဂရုတစိုက်နှင့် ဖြည်းဖြည်းချင်း တိုးမြှင့်ထုတ်လုပ်သွားမည်ဟု ဆိုသည်။

အိုပက်တွင် အဖွဲ့ဝင် ၁၂ နိုင်ငံ ပါဝင်ပြီး ၁၉၆၀ ပြည့်နှစ်က အနောက်တိုင်းရေနံကုမ္ပဏီများနှင့် ယှဉ်ပြိုင်နိုင်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိုပက်ပလက်စ်တွင် ရုရှားနှင့် မက္ကဆီကိုကဲ့သို့သော နိုင်ငံများ ပါဝင်ပြီး အင်အားကြီး ရေနံဈေးကွက်၏ တည်ငြိမ်မှုနှင့် လုံခြုံရေးကို အထောက်အကူပြုထားသည်။

အနောက်မီဒီယာများ၏ အဆိုအရ ယူအေအီး၏ နုတ်ထွက်မှုသည် အဖွဲ့ဝင်နိုင်ငံများကြား ရေနံထုတ်လုပ်မှုမူဝါဒနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပဋိပက္ခတင်းမာမှုအပေါ် တုံ့ပြန်မှုများနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများကြောင့်ဖြစ်ကြောင်း ဖော်ပြထားသည်။ ဘလွန်းဘာ့ဂ် သတင်းဌာနကလည်း ယင်းနုတ်ထွက်မှုသည် အိုပက်အတွက် အရေးပါသော ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး အဖွဲ့၏ ဖွဲ့စည်းပုံအားနည်းသွားစေနိုင်ကြောင်း သုံးသပ်ထားသည်။ အင်နီအိတ်ချ်ကေ



## ရုပ်ကြွင်းလောင်စာများသုံးစွဲမှု ဖြတ်တောက်မည့်အစီအစဉ် ကမ္ဘာလုံးဆိုင်ရာ ညီလာခံတစ်ခုအတွင်း ပြင်သစ် ထုတ်ပြန်

**ပဲရစ် ဧပြီ ၂၉**

ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေရမှုကို ဖြတ်တောက်ရန် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ ညီလာခံတစ်ခုအတွင်း ပြင်သစ်နိုင်ငံသည် ကျောက်မီးသွေးအသုံးပြုမှုကို ၂၀၃၀ ပြည့်နှစ်တွင်လည်းကောင်း၊ ရေနံကို ၂၀၄၅ ခုနှစ်တွင်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ကို ၂၀၅၀ ပြည့်နှစ်တွင်လည်းကောင်း အဆင့်လိုက် ရပ်ဆိုင်းသွားမည့် ပထမဆုံးသော အစီအစဉ်ကို ဧပြီ ၂၈ ရက်တွင် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ကမ္ဘာကြီးကို အပူရှိန်မြင့်တက်စေသည့် ရုပ်ကြွင်းလောင်စာများမှ မည်သို့ကူးပြောင်းသွားမည်ဆိုသည်နှင့် ပတ်သက်၍ ကိုလံဘီယာနိုင်ငံ၊ ဆန်တာမာတာမြို့တွင် နိုင်ငံပေါင်းများစွာ စုဝေးကာ ပထမဆုံးအကြိမ် နိုင်ငံတကာဆွေးနွေးပွဲများ ပြုလုပ်နေစဉ် အဆိုပါ လမ်းပြမြေပုံကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ လမ်းပြမြေပုံတွင် ကတိကဝတ်အသစ်များ ပါဝင်ခြင်းမရှိသော်လည်း လက်ရှိကျင့်သုံးနေသည့် ရာသီဥတုနှင့် စွမ်းအင်ဆိုင်ရာ မူဝါဒများ၊ ရည်မှန်းချက်များကို တိကျသော ပန်းတိုင်တစ်ခုအောက်တွင် စုစည်းတင်ပြထားခြင်းဖြစ်သည်။

မည်သည့်နိုင်ငံကမျှ ဤကဲ့သို့ ရှင်းလင်းပြည့်စုံသော အစီအစဉ်မျိုးကို ထုတ်ပြန်ခဲ့ခြင်းမရှိသေးဘဲ နိုင်ငံများက ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုနေရမှုကို ပြန်လည်သုံးသပ်နေချိန်တွင် ယခုလုပ်ဆောင်ချက်သည် အရေးကြီးသော အချက်ပြမှုတစ်ရပ်ဖြစ်သည်ဟု ဝေဖန်ဆန်းစစ်သူများက ထောက်ပြခဲ့ကြောင်း သိရသည်။ **Mon**








## တရုတ်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ် ပမာဏ ကျောက်မီးသွေးသုံး ဓာတ်အားထက် ကျော်လွန်သွားမည်ဟု ဆို

**ပေကျင်း ဧပြီ ၂၉**

တရုတ်နိုင်ငံ၏ စိမ်းလန်းပြီး ကာဗွန်နည်းပါးသော စွမ်းအင်သို့ ကူးပြောင်းမှုမှာ မြန်ဆန်လာသည်နှင့်အမျှ ၂၀၂၆ ခုနှစ်တွင် နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုပမာဏသည် ကျောက်မီးသွေးသုံး ဓာတ်အားထုတ်လုပ်မှုထက် ပထမဆုံးအကြိမ်အဖြစ် ကျော်လွန်သွားမည်ဟု မျှော်လင့်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ခန့်မှန်းချက်ကို တရုတ်နိုင်ငံ လျှပ်စစ်ဓာတ်အားကောင်စီက ၂၀၂၆ ခုနှစ် ပထမသုံးလပတ်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အား ထောက်ပံ့မှုနှင့် လိုအပ်ချက်ဆိုင်ရာ ဆန်းစစ်ချက် အစီရင်ခံစာတွင် ဖော်ပြထားခြင်းဖြစ်သည်။

၁၅ ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) ၏ အစပျိုးကာလဖြစ်သော ပထမသုံးလပတ်အတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက် မြင့်မားလာခြင်း၊ စိမ်းလန်းသောစွမ်းအင် အရောအနှောများ ပိုမိုအသုံးပြုလာခြင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာခြင်းတို့ကြောင့် စွမ်းအင်ကဏ္ဍမှာ သိသာစွာ တိုးတက်လာခဲ့ကြောင်း သိရသည်။ **Mon**

## ၂၀၂၅ ခုနှစ် အပူပိုင်းသစ်တောများ ပြုန်းတီးမှုနှုန်း နှေးကွေးသွား စိုးရိမ်ပွယ်ရာအခြေအနေတွင် ရှိနေဆဲဟု သုတေသီများ သတိပေး

**ဂျီနီဗာ ဧပြီ ၂၉**

ယခင်နှစ်က စံချိန်တင် ပျက်စီးဆုံးရှုံးခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်တွင် အပူပိုင်းသစ်တောများ ပြုန်းတီးမှုနှုန်းမှာ နှေးကွေးသွားသော်လည်း တစ်မိနစ်လျှင် ဘောလုံးကွင်း ၁၁ ကွင်းစာနှင့် ညီမျှသော စိုးရိမ်ဖွယ်ရာ အခြေအနေတွင် ရှိနေဆဲဖြစ်သည်ဟု သုတေသီများက ဧပြီ ၂၉ တွင် သတိပေးလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာတစ်ဝန်းတွင် ယမန်နှစ်အတွင်း အပူပိုင်း မူလမိုးသစ်တော ဟက်တာ ၄ ဒသမ ၃ သန်း (ဧက ၁၀ ဒသမ ၆ သန်း) ဆုံးရှုံးခဲ့ပြီး ယင်းမှာ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃၆ ရာခိုင်နှုန်း လျော့ကျသွားခြင်းဖြစ်ကြောင်း ကမ္ဘာ့အရင်းအမြစ်များဆိုင်ရာ အဖွဲ့အစည်းနှင့် မေရီလန်းတက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

တစ်နှစ်အတွင်း ဤမျှပမာဏအထိ လျော့ကျသွားခြင်းသည် အားတက်ဖွယ်ရာဖြစ်ပြီး အစိုးရ၏ ပြတ်သားသော လုပ်ဆောင်ချက်များက မည်သို့အောင်မြင်မှု ရရှိနိုင်သည်ကို ပြသနေခြင်းဖြစ်သည်ဟု ကမ္ဘာ့သစ်တောစောင့်ကြည့်ရေးပလက်ဖောင်း၏ ပူးတွဲညွှန်ကြားရေးမှူး အဲလစ်ဇဘက်ဂိုးလ်မန်းက ထုတ်ဖော်ပြောကြားလိုက်ကြောင်း သိရသည်။ **Mon**



## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံထဲသို့ ယူရေနီယံလောင်စာများ ထည့်သွင်းခြင်း စတင်ဆောင်ရွက်

**ဒက္ကာ ဧပြီ ၂၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လျှပ်စစ်ဓာတ်အားကွန်ရက်ပေါ်ရှိ ဝန်ထုပ်ဝန်ပိုးများကို လျှော့ချပေးနိုင်မည့် မဂ္ဂါဝပ် ၂၄၀၀ ထွက်ရှိမည့် ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံထဲသို့ ယူရေနီယံလောင်စာများ ထည့်သွင်းခြင်းကို ဧပြီ ၂၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



အဆိုပါစက်ရုံ လည်ပတ်ချိန်တွင် လူဦးရေ သန်း ၁၇၀ ရှိသော ထိုတောင်အာရှနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ၁၀ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံတန်ဖိုးရှိ ထိုနျူကလီးယားဓာတ်အားပေးစက်ရုံကို ၂၀၁၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၇ ခုနှစ်နှောင်းပိုင်း၌ အပြည့်အဝ ထုတ်လုပ်နိုင်ခြင်းမရှိမီ လာမည့်ဩဂုတ်လတွင် ကနဦးလျှပ်စစ်ဓာတ်အား ၃၀၀ မဂ္ဂါဝပ်ခန့် ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။

လောင်စာထည့်သွင်းမှု ပြီးစီးပါက ဓာတ်ပေါင်းဖို၏ အဓိကဗဟိုချက်အတွင်း ထိန်းချုပ်ထားသော နျူကလီးယားဖြတ်တောက်မှုဆိုင်ရာ ကွင်းဆက်ဓာတ်ပြုမှု စတင်မည်ဖြစ်ပြီး ယင်းမှာ ရုပ်ပိုင်းဆိုင်ရာ စတင်လည်ပတ်မှုအဆင့်၏ အစပျိုးခြင်းဖြစ်သည်ဟု စက်ရုံ၏ အကြီးတန်းသိပ္ပံဆိုင်ရာ သတင်းအချက်အလက်အရာရှိ ဆာကတ်အာမက်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀-၀

STOP AIDS

# တာချီလိတ်မြို့တွင်း လမ်းမကြီးများနှင့် ချောင်း၊ မြောင်းများအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများအား အရေးယူမည်

**တာချီလိတ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့တွင်းလမ်းမကြီးများနှင့် ရေနုတ်မြောင်း၊ ရေချောင်းများအတွင်း စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်သူများအား တွေ့ရှိပါက စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူမည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက် ထုတ်ပြန်ချက်အရ သိရသည်။



တာချီလိတ်မြို့ပေါ်ရပ်ကွက်များအတွင်း ဖြတ်သန်းစီးဆင်းနေသော မယ်ဆိုင်ချောင်း၊ နမ့်ယွန်းချောင်း၊ မယ်ခေါင်ချောင်း၊ နိုင်းနိုင်းချောင်း၊ (၁၂)လမ်းချောင်း၊ ခိုတောင်းချောင်း၊ ဝမ်ဟောင်ချောင်း၊ ရေနုတ်မြောင်းများနှင့် လမ်းမကြီးများပေါ်သို့ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကြောင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိခြင်း၊ အမှိုက်များ ပိတ်ဆို့မှုများကြောင့် ရေစီးရေလာကောင်းမွန်မှုမရှိခြင်း၊ အမြင်မကောင်းခြင်း၊ အနံ့အသက်မကောင်းခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်းများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် တာချီလိတ်မြို့နယ်စည်ပင်သာယာရေးဌာနက အမိန့်ထုတ်ပြန်ခဲ့ပြီး တွေ့ရှိပါက အရေးယူမည် ဖြစ်သည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေး ဥပဒေအရ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အမှိုက်များစွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် မြို့သန့်ရှင်းလှပရေးလုပ်ငန်းများကို စည်ပင်သာယာရေးဌာနနှင့် UBL ပုဂ္ဂလိကအမှိုက်သိမ်းဝန်ဆောင်မှု ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြို့တွင်းနေအိမ်များ၏ အမှိုက်များ သိမ်းဆည်းခြင်းကို ယခုထက်ပိုမိုစနစ်ကျစွာ စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း လုံးဝမပြုလုပ်ကြပါရန်နှင့် စိစစ်တွေ့ရှိရပါက ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ (၇၈) အရ ဒဏ်ငွေတပ်ရိုက်သွားမည့်အပြင် ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဓာတ်ပုံ)

ကျော်ဇေယျာလင်း

(ပြန်/ဆက်)



## ပလတ်စတစ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျော့ချစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ပလတ်စတစ်ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျော့ချစေရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၇ နာရီက စည်ပင်သာယာအဖွဲ့ပိုင်မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဈေးအကျိုးတော်ဆောင်များ ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျော့ချရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုး ဈေးဝယ်အိတ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိသနိုးမြေ)

## ညောင်ဦးမြို့ မဏိစည်သူဈေးကြီးအား မီးဘေးအန္တရာယ်ကင်းဝေးစေရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မဏိစည်သူဈေးကြီးအား ပွင့်လင်းရာသီကာလ မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပေါ်စေရေးအတွက် ဧပြီ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် အကြံပြုစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် ဝန်ထမ်းများ၊



ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး မဏိစည်သူဈေးရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများကို တွေ့ဆုံကာ ပွင့်လင်းရာသီကာလ ဈေးမီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ မီးလောင်လျှင် လုပ်ဆောင်မည့် မီးဘေးလုံခြုံရေးဆိုင်ရာများနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းစနစ်များကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မဏိစည်သူဈေးကြီးအား မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများအလိုက် မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ မီးလောင်လွယ်သော ပစ္စည်းများ သိုလှောင်ထားမှု ရှိ၊ မရှိ ဈေးမီးဘေးလုံခြုံရေးအတွက် စီစဉ်ထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အနေထား အသုံးပြုနိုင်အောင် ဆောင်ရွက်ထားမှုများနှင့် မီးသတ်ရေလှောင်ကန်ရေ အပြည့်ဖြည့်တင်းထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အထူးဂရုပြုလိုက်နာဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

(၄၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## သစ်ပင်လဲကျသဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ပြင်ဦးလွင် ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ချမ်းသာသုခဆေးရုံရှေ့၌ ဧပြီ ၂၇ ရက် နံနက် ၆ နာရီ ၁၃ မိနစ်က လုံးပတ် နှစ်ပေ၊ အမြင့် ၃၀ ပေခန့်ရှိ ဂျပန်ပိတောက်ပင်သည် အမြစ်ဆွေး၍ လဲကျပြီး လမ်းပိတ်နေကြောင်း သတင်းရရှိသဖြင့် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် နှစ်စီးဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၅၀ တွင် ပြီးစီးခဲ့ပြီး အဆိုပါ ဖြစ်စဉ်ကြောင့် လျှပ်စစ် မီးတိုင် သုံးတိုင် ပျက်စီးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## အရှိန်မထိန်းနိုင်ဘဲ လမ်းလျှောက်လာသူအား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ငပုတော ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၌ ဧပြီ ၂၅ ရက်က ဆိုင်ကယ်မှ အရှိန်မထိန်းနိုင်ဘဲ လမ်းလျှောက်လာသူအား ဝင်ရောက်တိုက်မိခဲ့မှုကြောင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့၊ သင်္ကြယ်ကွင်းကျေးရွာလမ်းမပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ငရုတ်ကောင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ငပုတောမြို့နယ်၊ မိုးတိမ်ပြင်ကျေးရွာမှ ငရုတ်ကောင်းမြို့ဘက်သို့ ငရုတ်ကောင်းမြို့၊ အမှတ်(၁)ရပ်ကွက်နေ လင်းထက်ကျော် (၂၇)နှစ် ဆိုသူမောင်းနှင်လာသော ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းလျှောက်နေသူ ငရုတ်ကောင်းမြို့၊ သင်္ကြယ်ပြင်ကွင်းကျေးရွာနေ ဒေါ်သန်းနု (၅၃) နှစ်ဆိုသူအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် လင်းထက်ကျော်ဆိုသူအား ငရုတ်ကောင်းနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ယာဉ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများ၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား မူဆယ်မြို့၌ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသည့် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် တရားမဝင် တရုတ်နိုင်ငံသား ၂၆ ဦးကိုလည်းကောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်ကွက်များအတွင်းမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သူများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မူဆယ်မြို့ တော်ရှက်ရပ်ကွက် ဖွေဟုန်းနယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်ပုန်းခိုနေသည့်တရားမဝင်တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ဖုန်းမျိုးစုံ ၂၄ လုံး၊ All in One ကွန်ပျူတာ ၁၉ လုံး၊ TP Link တစ်လုံး၊ Wifi စက် ခြောက်လုံးနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မူဆယ်မြို့အတွင်း၌ တရားမဝင် ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က ညနေ ၄ နာရီ မိနစ်၃၀ ခန့်တွင် ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ထပ်မံစစ်ဆေးရာ အဆိုပါနေအိမ်အတွင်းမှ နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၆ ဦးကို ထပ်မံတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင် ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်း စာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



မူဆယ်မြို့ တော်ရှက်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦး ဖမ်းဆီးရမိမှု။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ တိမ်းရှောင်ပုန်းခိုနေသည့် မူဆယ်မြို့ တော်ရှက်ရပ်ကွက်ရှိ နေအိမ်ကိုတွေ့ရစဉ်။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ တရားမဝင် တရုတ်နိုင်ငံသား ၂၆ ဦး ပုန်းခိုနေထိုင်သည့် နေအိမ်ကိုတွေ့ရစဉ်။

# အီရတ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ သုံးဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဧပြီ ၂၉

ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့လာပါက နိုင်ငံတော် အစိုးရသည် နိုင်ငံသားများအပေါ် အလေးအနက်ထား၊ တန်ဖိုးထားကာ မည်သို့သောအခြေအနေတွင်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ ခင်စမ်းငွေ၊ သင်းသင်းအေးနှင့် ဖြိုးအိမာတို့ကို အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရေး ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အီရတ်နိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ အီရတ်နိုင်ငံရှိ မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့ရသည့်အခါ မြန်မာသံရုံးက ဆက်သွယ်အကူအညီတောင်းခံလေ့ရှိသည့် အီရတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် ဧပြီ ၂၇ ရက်တွင် ဘဂ္ဂဒက်မြို့မှ ရှာဂျာခရီးစဉ်၊ ဧပြီ ၂၈ ရက်တွင် ရှာဂျာ-ဗန်ကောက်ခရီးစဉ်၊ ဧပြီ ၂၉ ရက်တွင် ဗန်ကောက်-ရန်ကုန် ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့ နံနက် ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများအနေဖြင့် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-သီဟ

၀-၀-၀-၀



အသက်သည် သွေး၊
သွေးသည် အသက်။

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲအခမ်းအနား ကျင်းပ



**မိတ္ထီလာ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၏ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက မိတ္ထီလာမြို့၊ ကန်တော်မင်္ဂလာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့မိ၊ မြို့ဖများနှင့်လည်းကောင်း မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ မိတ်ဆက်တင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများ၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက အပြန်အလှန် ညှိနှိုင်းတိုင်ပင်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တိုက်တွန်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိ၊ မြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းတင်ပြကြရာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးဖြေကြားပြီး အခမ်းအနားအပြီးတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၃)

*-*-*-*-*-*-*



## ရက် (၁၀၀) စီမံချက်ဖြင့် ရပ်ကွက် ၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြင်းခြံ ဧပြီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၌ ပြုလုပ်သည့် အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို မြင်းခြံမြို့နယ် ဦးစီးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်းများက ဧပြီ ၂၆ ရက် နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရက်(၁၀၀)စီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအရောက် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်း၊ ခရိုင်ဦးစီးမှူး ဦးမျိုးမြင့်သူ၊ မြင်းခြံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွဋ်တို့က ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်ဦးစီးမှူး ဦးဝင်းမော်ဦးဆောင်၍ ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူ၍ Unique ID နံပါတ် တစ်ပါတည်း ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်နှင့် UID CARD မပြုလုပ်ရသေးသည့် အမှတ်(၁၀) ရပ်ကွက်ရှိ အသက်(၁၀)နှစ်နှင့် အထက်ရှိသူများကို မှတ်ပုံတင်အသစ် ပြုလုပ်ပေးခြင်းကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)
(၃၆၆)

## သင်္ကြန်ပြီးနောက်ပိုင်း မန္တလေးအိမ်ခြံမြေဈေးကွက် အရောင်းအဝယ် အေးနေ



မန္တလေးမြို့၏ အိမ်ခြံမြေဈေးကွက်သည် သင်္ကြန်ကာလအပြီး နောက်ပိုင်းတွင် အရောင်းအဝယ်နှင့် အငှားဈေးကွက်များ သိသိသာသာ အေးနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံမှ သိရသည်။

လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ငွေကျပ်သိန်းထောင်ဂဏန်းဝန်းကျင်ရှိ အချက်အလက် စုံလင်သော မြေကွက်ငယ်အချို့သာ အနည်းငယ်ရှိနေပြီး ငွေကျပ်သိန်းသောင်းချီတန်ဖိုးရှိ မြေကွက်ကြီးများမှာမူ အရောင်းအဝယ် မရှိသလောက်ဖြစ်နေသည်။

အငှားဈေးကွက်ပိုင်းတွင်လည်း စီးပွားရေး လုပ်ငန်းလုပ်ကိုင်ရန်နှင့် ဆိုင်ခန်းဖွင့်လှစ်ရန် စုံစမ်းမေးမြန်းသူ နည်းပါးနေပြီး လူနေထိုင်ရန်အတွက်သာ အဓိကထားမေးမြန်းမှုများရှိနေသည်။

နေအိမ်ငှားရမ်းမှုများအနေဖြင့် ဈေးကွက်အတွင်း ငွေကျပ် ငါးသိန်းဝန်းကျင်မှ ငွေကျပ် ၁၀ သိန်းဝန်းကျင်အတွင်းရှိသော နေအိမ်များကိုသာ အဓိကထား၍ ငှားရမ်းမှုများရှိနေသည်။

အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူများ၏ ခန့်မှန်းချက်အရ ငှားရမ်းမှုဈေးကွက်သည် မေလဆန်းပိုင်းတွင် ပြန်လည်သွက်လက်လာနိုင်မည်ဖြစ်ပြီး အရောင်းအဝယ်ပိုင်းမှာမူ မေလလယ်ပိုင်းခန့်မှသာ ပြန်လည်ဖြစ်ထွန်းလာနိုင်သည်။

ထို့ကြောင့် လက်ရှိတွင် မန္တလေးအိမ်ခြံမြေဈေးကွက်မှာ သင်္ကြန်အလွန် ကာလတိုအတွင်း အရောင်းအဝယ် အနည်းငယ်တုံ့ဆိုင်းနေသည့် အခြေအနေတွင်သာ ရှိနေကြောင်း အိမ်ခြံမြေအသိုင်းအဝိုင်းက သုံးသပ်ထားကြကြောင်း သိရသည်။

(အပေါ်ပုံ)
(မန္တလေးနေ့စဉ်-ရ)

## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**တာချီလိတ် ဧပြီ ၂၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တာချီလိတ်မြို့နယ် ဦးစီးမှူးရုံးမှ အစိုးရသစ် ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID ကတ်များ ထုတ်ပေးခြင်းကို ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဧပြီ ၂၈ ရက် နံနက်ပိုင်းက မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု၊ ဖေလေလန်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဆွေဦး ဦးဆောင်သော ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးခြင်း၊ လဲလှယ်ပေးခြင်းနှင့် Biometric data များ စိစစ်ကောက်ယူပြီး မျက်လုံး Scan ဖတ်ခြင်း၊ လက်ဗွေနှိပ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းကာ UID နံပါတ်ကတ်များ ဆောင်ရွက်ပေးနေမှုကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ငြိမ်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအွန်ခမ်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းအောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်စွာမျိုးတို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ရက်(၁၀၀)စီမံချက်ဖြင့် ဧပြီ ၂၆ ရက်အထိ အသက် ၁၀ ပြည့်ပြီးသူ ၂၈၇ ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၃၈ ဦး၊ စုစုပေါင်း ၃၂၅ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric data ကောက်ယူ၍ UID (Unique Identity) များ လက်ဝယ်အရောက် ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသူများအား ရပ်ကွက်နှင့် ကျေးရွာအလိုက် ဆက်လက် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)
ခရိုင်(ပြန်/ဆက်)

*-*-*-*-*-*-*

## ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန် ပေးအပ်ပွဲ ကျင်းပ

**မြစ်သား ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင် က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်များကို သက်ဆိုင်ရာ ဌာနများသို့ ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦး(မြစ်သား)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှဲလှဲဝင်း(တံတားဦးမြို့နယ်)နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝါဝါမြင့်(မြစ်သား)

*-*-*-*-*

*-*-*-*-*-*-*

## စဥ့်ကူးမြို့ မြို့ဦးရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



**စဥ့်ကူး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် မြို့ဦးရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ တက်ရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က စဥ့်ကူးမြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝရသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ အသစ်ကပ်လှူပူဇော်မည့် သုံးဆင့်ထီးတော်၊ စိန်ဖူးတော်နှင့် အရန်စေတီထီးတော်များအား တာဝန်ရှိသူများက ဆရာတော်ကြီးများထံသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ကြွရောက်လာကြသည့် သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုခြင်း၊ အသစ်ကပ်လှူပူဇော်မည့် သုံးဆင့်ထီးတော်၊ စိန်ဖူးတော်နှင့် အရန်စေတီ ထီးတော်များကို နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ ဆရာတော်ကြီးများကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရှင်းသန့်လွင်နှင့် တာဝန်ရှိသူများ၊ စဥ့်ကူးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**တင်စာလွင်(ပြန်/ဆက်)**



## ဒေသဖွံ့ဖြိုးတိုးတက်ရေး လစဉ်ပုံမှန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နမ့်စန် ဧပြီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်း၊ ခိုလမ်မြို့အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နမ့်စန်မြို့နယ်အတွင်းရှိ ရပ်ကွက် (၁၁)ခုနှင့် ကျေးရွာအုပ်စု(၂၀)မှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားသည်။ ထို့နောက် ခိုလမ်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေပုံ၊ ဂရန်ထုတ်ပေးရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားများ အသစ်လဲလှယ်ပြုလုပ်ပေးမည့် အစီအစဉ်များ၊ လမ်း၊ တံတား၊ ရေရရှိရေး၊ လျှပ်စစ်မီး၊ ပညာရေး၊ ကျန်းမာရေး၊ မွေးမြူရေး၊ စိုက်ပျိုးရေး၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းအဆိုပြုလွှာရေးသွင်းနည်းနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲ ကျင်းပ

**မိတ္ထီလာ ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း အဆိုပြုလွှာရေးသွင်းနည်းနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်း အဆိုပြုလွှာရေးသွင်းနည်းနှင့် ငွေစာရင်း ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံက အဆိုပြုလွှာ ရေးသွင်းနည်းနှင့် ငွေစာရင်းပုံစံများ ဖြည့်သွင်းခြင်းလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့သည်။



အဆိုပါ သင်တန်းကို ရက်(၁၀၀)စီမံချက်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ညောင်ဇောင်ကျေးရွာအုပ်စု၊ညောင်ပင်သာကျေးရွာမှ ကျေးရွာကော်မတီဝင်များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ) (၄၆၉)

## ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**မူဆယ် ဧပြီ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်အတွင်းရှိ ပြည်သူများအား အစိုးရသစ်လက်ထက် ရက်(၁၀၀)စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်း လုပ်ငန်းများကို ယာယီရုံးဖွင့်လှစ်ထားရှိသည့် မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ငွေဆင်အိမ်ရာတွင် ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်ခရိုင်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နမ့်ခမ်းမြို့နယ် ဦးစီးမှူးရုံးမှ နမ့်ခမ်းမြို့နယ်အတွင်းမှ ပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းနှင့် UID ကောက်ယူခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ယာယီရုံးခွဲအား မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ ငွေဆင်အိမ်ရာတွင် ဖွင့်လှစ်ထားရှိပြီး နမ့်ခမ်းမြို့နယ်အတွင်းရှိ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စည်းရုံးချိတ်ဆက် ဖိတ်ခေါ်၍ လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နမ့်ခမ်းမြို့နယ်အတွင်းရှိ ပြည်သူများ၏ အခြေခံ လိုအပ်ချက်ကို ရှေးရှု၍ အစိုးရသစ်လက်ထက် ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၃(က)၁၃ဦး၊ ၆(က)ခုနစ်ဦး၊ မွေးတိုး ၂၃ ဦး၊ သေဆုံး ၁၈ဦး၊ မြို့နယ်တွင်း ပြောင်းဝင် ၂၉ ဦး၊ ပြောင်းထွက် ငါးဦး၊ စုစုပေါင်း ၇၈ ဦး၊ UID ကောက် ယူခြင်း ၄၀ ဦး ဆောင်ရွက်နိုင်ခဲ့ပြီး ဧပြီ ၂၀ ရက်မှ ယနေ့အထိ ၃(က) ၅၅ ဦး၊ ၆(က) ၂၁ ဦး၊ မွေးတိုး ၆၈ ဦး၊ သေဆုံး ၃၄ ဦး၊ စုစုပေါင်း ၂၁၂ ဦးနှင့် UID ကောက်ယူမှုအနေဖြင့် ၂၀၀ ဦး ဆောင်ရွက်ပေးနိုင်ခဲ့သည်။




အဆိုပါ ဆောင်ရွက်သည့်နေရာသို့ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မူဆယ်ခရိုင် ဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် မြို့နယ်ဦးစီးမှူး ဦးနိုင်ထူးမြင့်၊ နမ့်ခမ်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပြီး ပြည်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များတာဝန် ပေးအပ်

**စစ်ကိုင်း ဧပြီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို စစ်ကိုင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရေးကဏ္ဍအလိုက် ဘက်စုံတိုးတက်စေဖို့၊ ပြည်သူအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရမှာဖြစ်သည့်အတွက် နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ပြည်သူများ ထင်သာမြင်သာရှိစေရေးနှင့် အဓိက လိုအပ်ချက်များကို သတ်မှတ်စံချိ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ထိထိရောက်ရောက် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို တာဝန်ပေးအပ်သွားမှာဖြစ်ကြောင်း အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးရုံးမှ ခရိုင်စီမံကိန်းဦးစီးမှူး ဦးငွေဦးက စစ်ကိုင်းခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် စစ်ကိုင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမောင်စိုးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို ဌာနဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)



သစ်တော်သီး

သစ်တော်သီးဟာ ဆဲလ်တာဝန်များကို ထမ်းဆောင်နိုင်ခြင်းနဲ့ ခွန်အားဖြစ်ပေါ်မှုမှာ အရေးကြီးတဲ့ Folate နဲ့ Niacin တို့ ပါဝင်နေပါတယ်။

Pro Vitamin A က အရေပြားကျန်းမာရေးကို ကောင်းစေပြီး ဒဏ်ရာအနာများကို အသားနုတက်တာ မြန်စေပါတယ်။

ကော့ပါးက ခန္ဓာကိုယ်ခုခံကာကွယ်နိုင်စွမ်းအားမြင့်တက်စေခြင်း၊ ကိုလက်စထရော ဇီဝစက်လည်ပတ်ခြင်းနဲ့ အာရုံကြောများ လုပ်ငန်းတာဝန်ပိုင်းမှာ ပါဝင်လုပ်ဆောင်ပေးပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်း Polyphenol ပါဝင်မှုကြွယ်ဝတဲ့အတွက် ဓာတ်တိုးခြင်းကြောင့် ဆဲလ်များပျက်စီးခြင်းမဖြစ်စေရန် ကာကွယ်ပေးပါတယ်။

သစ်တော်သီးစားတဲ့အခါမှာ အသားရော၊ အခွံကိုပါ နှစ်မျိုးစလုံးစားလိုက်တာက အသားကိုသာစားခြင်းထက် Polyphenols ရရှိမှုက ၆ ဆပိုမိုရရှိစေပါတယ်။

သစ်တော်သီးဟာ အစာခြေဖျက်မှုလုပ်ငန်းမှာ မရှိမဖြစ်လိုအပ်တဲ့ အမျှင်ဓာတ်များစွာ ပါဝင်ပါတယ်။ အမျှင်ဓာတ်ပါဝင်တဲ့အတွက် အူကို ပုံမှန်လှုပ်ရှားစေပါတယ်။

ပျော်ဝင်နိုင်တဲ့ အမျှင်ဓာတ်တစ်မျိုး Pectin များစွာပါတဲ့အတွက် အူလမ်းကြောင်း ကျန်းမာရေးနဲ့ ခန္ဓာကိုယ်ခုခံနိုင်စွမ်းအား တာဝန်များကို တိုးတက်လာစေပါတယ်။

Pectin က ဝမ်းမှန်စေပြီး အူလမ်းကြောင်းမှာရှိတဲ့ အကျိုးပြုဘက်တီးရီးယားပမာဏကိုလည်း ပိုများစေပါတယ်။

အမျှင်ဓာတ်များများရရှိစေရန် သစ်တော်သီးရဲ့ အခွံကိုပါ စားသင့်ပါတယ်။

Anthocyanin ပါတဲ့အတွက် နှလုံးကျန်းမာရေးကောင်းစေပါတယ်။ ကင်ဆာရောဂါကို ကာကွယ်ပေးပါတယ်။

အသက်အရွယ်ကြီးတဲ့အခါ အမြင်အာရုံကြည်လင်စေရန် လိုအပ်တဲ့ Lutein နဲ့ Zeaxanthin တို့မှာ အစိမ်းရောင်အခွံရှိတဲ့ သစ်တော်သီးမှာ ပါဝင်ပါတယ်။

အကျိုးပြုတဲ့အပင်ဓာတ်ပေါင်း အများစုမှာ အစိမ်းရောင်အခွံမှာ သိပ်သည်းဆများပြားစွာ ပါဝင်နေပါတယ်။

အနီရောင်သစ်တော်သီးက နှလုံးကျန်းမာရေးအတွက် ကာကွယ်မှုပေးသလို အစိမ်းရောင်သစ်တော်သီးက မျက်လုံးကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပါတယ်။

ဖျားနာခြင်း၊ နှလုံးရောဂါနဲ့ ဆီးချိုရောဂါခံစားနေရမှုများက နာတာရှည်ရောင်ရမ်းမှုကို ဖြစ်စေကာ ကျန်းမာရေးကို ထိခိုက်နိုင်ပါတယ်။ သစ်တော်သီးမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်း Flavonoids ပါဝင်တဲ့အတွက် ရောင်ရမ်းတာကို သက်သာစေပါတယ်။ ရောဂါခံစားနေရမှုကို လျှော့နည်းစေပါတယ်။

ကော့ပါး၊ ဗီတာမင်စီနဲ့ ပိုတက်စီယမ်တို့ပါဝင်နေခြင်းကလည်း ရောင်ရမ်းတာကို သက်သာစေပါတယ်။

သစ်တော်သီးမှာ ပါဝင်တဲ့ Anthocyanin နဲ့ Chlorogenic Acid တို့က ကင်ဆာရောဂါကို ကာကွယ်နိုင်ပါတယ်။

သစ်တော်သီးအပါအဝင် သစ်သီးများစားသုံးခြင်းက အဆုတ်နဲ့ အစာအိမ်ကင်ဆာ အပါအဝင် အခြားကင်ဆာရောဂါများကို ကာကွယ်ပေးပါတယ်။ ရင်သားကင်ဆာနဲ့ သားအိမ်ကင်ဆာများမဖြစ်စေရန် ကာကွယ်ပေးပါတယ်။

သစ်တော်သီးအနီရောင်လို Anthocyanin ပါတဲ့ သစ်သီးမျိုးက ဆီးချိုရောဂါခံစားနေရမှုကို လျှော့နည်းစေနိုင်ပါတယ်။



လင်ဇီးမှို

လင်ဇီးအရောင်အမျိုးမျိုးရှိသော်လည်း နီညိုရောင်က ဆေးဖက်ဝင်မှုအမြင့်ဆုံးလို့ သတ်မှတ်ကြပါတယ်။

လင်ဇီးက တခြားမှိုတွေလို ဟင်းချက်စားဖို့ မဟုတ်ဘဲ တော်တော်လေး မာကျောတာကြောင့် အခြောက်ခံ၊ အမှုန့်ပြုလုပ်ပြီးမှ ဆေးအနေနဲ့ သောက်သုံးကြပါတယ်။

လင်ဇီးကို "ဆေးပေါင်းခတဲ့ မှို" လို့ တင်စားကြပါတယ်။ လင်ဇီးမှာပါတဲ့ Polysaccharides နဲ့ Triterpenes ဓာတ်ပေါင်းတွေက အံ့သြစရာကောင်းအောင် အကျိုးပြုပါတယ်။

ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးနိုင်ပါတယ်။ ခန္ဓာကိုယ်ထဲက ခုခံအားဆဲလ်တွေကို တက်ကြွစေလို့ ရောဂါဘယတွေကနေ ကာကွယ်ပေးပါတယ်။

စိတ်ဖိစီးမှုကို လျှော့ကျစေပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။

အသည်းထဲက အဆိပ်အတောက်တွေကို ဖယ်ရှားပေးပြီး အသည်းလုပ်ဆောင်ချက်ကို အားပေးပါတယ်။

သွေးတွင်းက မကောင်းတဲ့ အဆီတွေကို ဖယ်ရှားပေးပြီး သွေးတိုးကျစေဖို့ အထောက်အကူပြုပါတယ်။

မိုးတွင်းဘက်မှာ အစိုဓာတ်ရှိရင် ဒီမှိုလေးတွေက သစ်ပင်အိုကြီးတွေရဲ့ အရင်းမှာ ပေါက်တတ်ပါတယ်။

လင်ဇီးမှိုဟာ တခြားမှိုတွေလို ပျော့ပျောင်းမနေဘဲ သစ်သားလို မာကျောတဲ့ သစ်သားမှိုအမျိုးအစားဖြစ်ပါတယ်။

စားတဲ့အခါ ဟင်းချက်စားလို့မရဘဲ ရေနွေးနဲ့ ပြုတ်သောက်တာ (သို့မဟုတ်) အမှုန့်လုပ်ပြီး သောက်ကြတာပါ။ အရသာက ခါးသက်သက်ရှိပြီး အဲ့ဒီ အခါးဓာတ်ကပဲ ဆေးဖက်ဝင်တာပါ။

လင်ဇီးမှာ အဓိကအစိတ်အပိုင်း သုံးပိုင်းရှိပါတယ်။

မှိုပွင့်၊ အပွင့်ပိုင်းပါ။ မှိုမျှင်၊ အမြစ်လိုမျိုးအပိုင်းပါ။ မှိုမျိုးစေ့၊ အရေးအကြီးဆုံးအပိုင်းပါ။ လင်ဇီးမှိုပွင့်ရဲ့ အပေါ်ယံမှာရှိတဲ့ အမှုန်လေးတွေက ဆေးဖက်ဝင်မှု အမြင့်ဆုံးလို့ သတ်မှတ်ကြပါတယ်။

**သတိပြုရန်**

သွေးကျဆေး၊ သွေးကျဲဆေးသောက်နေရသူများမှာ လင်ဇီးက သွေးပေါင်ကျစေပြီး သွေးကျဲစေတဲ့အာနိသင်ရှိလို့ ဆရာဝန်နဲ့တိုင်ပင်သင့်ပါတယ်။

ခွဲစိတ်ဖို့ရှိသူများမှာ ခွဲစိတ်မှုမလုပ်ခင် အနည်းဆုံး နှစ်ပတ်အလိုမှာ လင်ဇီးသောက်တာကို ခေတ္တရပ်ထားသင့်ပါတယ်။



ချဥ်စော်ကားသီး

ချဥ်စော်ကားသီးဟာ ပန်းသီး၊ သစ်တော်သီးများနဲ့ ဆင်တူပါတယ်။ အသီးရင့်မှည့်ချိန်မှာ အဝါရောင်ဖြစ်ပါတယ်။

ကယ်လိုရီအနည်းငယ်သာရရှိပေမယ့် အာဟာရကြွယ်ဝပါတယ်။ ခန္ဓာကိုယ်အလေးချိန်ထိန်းလိုသူများ စားသင့်ပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်တဲ့အတွက် ဆဲလ်များ ထိခိုက်ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပါတယ်။

Quercetin နဲ့ Kaempferol စတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း Flavonoids များ ပါဝင်တဲ့အတွက် ရောင်ရမ်းတာကို လျော့စေပါတယ်။ နာတာရှည် ဖျားနာခြင်းနဲ့ နှလုံးရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးနိုင်ပါတယ်။

အမျှင်ဓာတ်ကြွယ်ဝလို့ အူလှုပ်ရှားမှုကောင်းပြီး အစာခြေစနစ်ကို ကောင်းမွန်စေကာ ကျန်းမာစေပါတယ်။ ဝမ်းပျက်၊ ဝမ်းလျှောတာကိုလည်း ကာကွယ်နိုင်ပါတယ်။

သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးနိုင်ပါတယ်။

နှလုံးကျန်းမာစေရန် အားဖြည့်ပေးပါတယ်။ သွေးတွင်းက အကျိုးမပြုတဲ့ ကိုလက်စထရောကို ကျဆင်းစေပြီး နှလုံးရောဂါခံစားရမှုကို လျော့ချပေးပါတယ်။

ချဥ်စော်ကားသီးအစေ့မှာ အမိုင်နိုအက်စစ်ပါဝင်မှုများအနက် Glutamic, Aspartic နဲ့ Asparagine တို့က ကြွယ်ဝစွာ ပါဝင်ပါတယ်။ အစေ့ကရတဲ့ အဆီကို ဒဏ်ရာအနာများအပေါ်မှာ လိမ်းပေးရင် အနာကျက်ပြီး အသားနုတက်တာမြန်ပါတယ်။

ကယ်လ်စီယမ်နဲ့ ဖော့စဖောရပ်စ် ပါဝင်တဲ့အတွက် အရိုးနဲ့ သွားကျန်းမာရေးအတွက် ကောင်းပါတယ်။

ချဥ်စော်ကားသီးမှာပါဝင်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အရေပြားကို ကျန်းမာစေပြီး အရွယ်တင်နုပျိုစေပါတယ်။

ပိုတက်စီယမ်ကြွယ်ဝတဲ့အတွက် သွေးဖိအားကို ထိန်းညှိပေးနိုင်ပါတယ်။ ကင်ဆာဆဲလ်များကိုလည်း သေစေနိုင်ပါတယ်။

အစာခြေအက်စစ်များ အစာရေမြိုဆီပြန်တက်လာခြင်းကြောင့် ရင်ပူတာ၊ မအီမသာဖြစ်နေတာမျိုးကို သက်သာစေနိုင်ပါတယ်။

ချဥ်စော်ကားသီးကို အချဥ်ထုပ်၊ အချဥ်ပေါင်းအဖြစ်စားသုံးခြင်း၊ ချဥ်စပ်ဟင်းရည်အဖြစ်စားသုံးခြင်းနဲ့ ဆေးဖက်ဝင် ပိုင်ချက်၍ သောက်သုံးခြင်းတို့ ပြုလုပ်ကြပါတယ်။

ချဥ်စော်ကားသီးက Quinic Acid အပါအဝင် အချဥ်ဓာတ် ခုနစ်မျိုးပါဝင်တဲ့အတွက် ထူးခြားတဲ့ အချဥ်အရသာလေးနဲ့ ကျန်းမာရေးအတွက်လည်း ကောင်းမွန်တဲ့ အသီးဖြစ်လို့ မကြာခဏ စားသုံးပေးသင့်ပါတယ်။



## ဆီးချိုသမားတွေစားသင့်တဲ့ အသီး(၁၀)မျိုး

### ပန်းသီး

ကြွပ်ကြွပ်လေးနဲ့ အရည်ရွှမ်းချိုမြတဲ့ ပန်းသီးမှာ ပျော်ဝင်နိုင်စွမ်းရှိတဲ့ အမျှင်ဓာတ်၊ ဗီတာမင်စီနဲ့ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိတွေ ပါဝင်ပါတယ်။

### ချယ်ရီသီး

ဗီတာမင်စီ၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ အမျှင်ဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိပါတယ်။

### အနက်ရောင်သပြေသီး

သွေးတွင်းသကြားဓာတ်နဲ့ ပတ်သက်ပြီး အကောင်းဆုံးထိန်းညှိပေးနိုင်သောကြောင့် ဆီးချိုရောဂါကုသရာမှာ အသုံးများပါတယ်။

### မာလကာသီး

ဗီတာမင်စီ၊ ပိုတက်စီယမ်နဲ့ အမျှင်ဓာတ်ကြွယ်ဝပြီး မာလကာသီးမှာပါတဲ့ အာဟာရဓာတ်တွေက ပုံမှန်သွေးတွင်းသကြားပမာဏရှိအောင် ထိန်းထားပေးနိုင်ပါတယ်။

### ဂရိတ်ဖရု(ရှောက်ခါးသီးကြီး)

အမေရိကန်ဆီးချိုအဖွဲ့အစည်းရဲ့ စူပါသီးနှံပဲဖြစ်ပါတယ်။ ခန္ဓာကိုယ်အတွက် လိုအပ်တဲ့ ကိုယ်အလေးချိန်ရရှိအောင် ကူညီပေးပြီး ဆီးချိုမဖြစ်အောင် ကာကွယ်ပေးနိုင်တဲ့အပြင် ဆီးချိုဖြစ်ရင်လည်း လျော့ပါးသက်သာစေနိုင်ပါတယ်။

### ထောပတ်သီး

သွေးတွင်းသကြားပမာဏကို ထိန်းထားပေးပြီး ဆီးချိုဝေဒနာရှင်တွေ နှလုံးရောဂါနဲ့ လေဖြတ်တာတွေမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

### စတော်ဘယ်ရီ

မလိုအပ်တဲ့ အဆီတွေကို ဖယ်ရှားပေးပြီး သွေးဖိအားပုံမှန်ဖြစ်အောင် သွေးတွင်းသကြားဓာတ်ပုံမှန်ဖြစ်အောင် လုပ်ဆောင်ပေးပါတယ်။

### လိမ္မော်သီး

ကိုယ်အလေးချိန်လျှော့ကျစေပြီး ဆီးချိုရောဂါဖြစ်ပွားမှုအန္တရာယ်ကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးတွင်းသကြားပမာဏပုံမှန်ဖြစ်အောင် ထိန်းထားပေးနိုင်ပါတယ်။

### သစ်တော်သီး

ဗီတာမင်အေ၊ ဘီဝမ်း၊ စီနဲ့ အီး၊ အမျှင်ဓာတ်တွေကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းပေးပြီး ကိုလက်စထရောကျစေ၍ ကိုယ်ခံစွမ်းအားကောင်းစေကာ အစာခြေဖျက်မှုကောင်းစေပါတယ်။

### ကီဝီသီး

ကျန်းမာရေးအတွက် ဘက်စုံအကျိုးပြုပြီး ဗီတာမင်အစုံလည်းပါသောကြောင့် ဆီးချိုသမားတွေ လက်စွဲစားပေးသင့်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

# VDP စီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းများ ဆောင်ရွက်

**ညောင်ဦး ဧပြီ ၂၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကူရှာကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် စီမံကိန်း လုပ်ငန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းဆောင်ရွက်ခြင်းကို ဧပြီ ၂၃ ရက်က အဆိုပါကျေးရွာ၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်က နိုင်ငံတော်အစိုးရသစ်၏ အကောင်အထည်ဖော် ဆောင်ရွက်မည့် ရက်(၁၀၀)စီမံချက် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက VDP စီမံကိန်းလုပ်ငန်းတွင် လိုက်နာရမည့် မူဘောင်များနှင့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက VDP စီမံကိန်းလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့် တာဝန်များနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ ကူရှာကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် VDP စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ကိုးဦးကို ရွေးချယ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကူရှာကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်း ခွင့်ပြုရန်ပုံငွေကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံမှ သိရသည်။ **(အောက်ပုံ) (၄၄၅)**



# ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မင်းဘူး ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၈ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကား ပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းမြတ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည့် ဒေသန္တရ စီမံကိန်း ရည်မှန်းချက် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မင်းဘူး၊ ပွင့်ဖြူ၊ ငဖဲ၊ စလင်းနှင့် စေတုတ္တရာမြို့နယ်များမှ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌများထံ စီမံကိန်း ရည်မှန်းချက် တာဝန်များကို ပေးအပ်ခဲ့သည်။



မင်းဘူးခရိုင်အတွင်း၌ မြို့ပြနှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နှစ်စဉ် စီမံကိန်းများ ရေးဆွဲပြီး အကောင်အတည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ခရိုင်နှင့် မြို့နယ် ငါးမြို့နယ်ရှိ ဌာနဆိုင်ရာများအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း လယ်ယာစိုက်ပျိုးရေး၊ သားငါး၊ သစ်တော၊ စွမ်းအင်၊ သတ္တု၊ စက်မှု၊ လျှပ်စစ်၊ ဆောက်လုပ်မှု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ကုန်သွယ်ရေးနှင့်အခြားဝန်ဆောင်မှုစသည့် ကဏ္ဍများအတွက် မကွေးတိုင်းဒေသကြီး ဘတ်ဂျက် ငွေလုံးငွေရင်း ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၁၅၀၅၉ ဒသမ ၀၂၉ သန်းဖြင့် ရင်းနှီးမြှုပ်နှံ၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ဒေသန္တရစီမံကိန်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ရည်မှန်းချက်မှာ ငွေကျပ် သန်းပေါင်း ၂၀၃၉၀၁၈ ဒသမ ၇ သန်း ရရှိရန်နှင့် ၂ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ရရှိအောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မင်းဘူးခရိုင် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးထံမှ သိရသည်။

**(ဝဲပုံ)မောင်မောင်(မင်းဘူး)**




ဗလ
ငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့။

ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ကဆုန်လ ညောင်ရေသွန်းပွဲ

* ဂိမှာန်ခေါ်ရာသီထဲ
ညောင်ရေသွန်းပွဲ နွဲကြသည်။
ဆွေ့ဆွေ့ခုန်၊ ပူကာအိုက်
စိတ်၌ မကြည်။

* သစ်ပင်တို့မည်သည်
ရေအမှီရှိမှ စိုပြည်လန်း။
လ ကဆုန်၊ ညောင်ရေပွဲ
နွဲစို့ အတူလှမ်း။

* ဖွားဘက်တော် ခုနစ်ဦးတဲ့
ကြားဖူးခဲ့ အတန်တန်။
လောင်းပုဒ္ဓေါ၊ ဖွားစဉ်ခိုက်
ပေါင်းတစ်သိုက်မှန်။

* အာ၊ ဗော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကန်
ဖွားဘက်တော် ကေန်ခုနစ်ဦး။
ဗောဓိညောင်စေတီထိုက်
ဦးခိုက်ရည်စူး။

* ကဆုန်ကျော်ဆုတ်တစ်ရက်
သာသနာသက္ကရာဇ် တိုးတော့မည်။
နှစ်ထောင့်ငါးရာခုနစ်ဆယ်တဲ့
မှတ်ကွဲ့တစ်လီ။

* ကောင်းမှုပြုကြ၊ တို့ကိုယ်စီ
နိဗ္ဗာန်ဆီရည်မှန်း။
မြန်မာပြည်သာစေကြောင်း
မြန်မာတွေ မာစေကြောင်း
တောင်းဆုလှူဒါန်း။

(အာ -ညီတော်အာနန္ဒာ
ဗော -မဟာဗောဓိညောင်ပင်
ကာ -ကာဠုဒါယီအမတ်
ယ -ယသော်ဓရာဒေဝီ
ဆန် -ဆန္နအမတ်
ရွှေ -ရွှေအိုးကြီးလေးလုံး
ကန် -ကန္ထက စီးတော်မြင်း။)

**အင်ကြင်းစု-မျိုးချစ်ဆွေ(မန္တလေး)**

## မိုင်းဖုန်း ရတနသုဝဏ္ဏပရိယတ္တိစာသင်တိုက် နောင်ခမ်းမမ္မာရုံကျောင်းတော်ကြီး ရေစက်ချလှူဒါန်း



**တာချီလိတ် မေ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းဖုန်း (က)ကျေးရွာအုပ်စု၊ ခုတ်ဝကျေးရွာရှိ ရတနသုဝဏ္ဏပရိယတ္တိ စာသင်တိုက် နောင်ခမ်းမမ္မာရုံ ကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲကို မေ ၂၇ ရက်က အဆိုပါကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အလယ်ကျောင်းနမ့်လန်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသထံမှ နောင်ခမ်းမမ္မာရုံကျောင်းတော်ကြီးအလှူရှင် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝင့်ရည်အေး မိသားစု၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြခြင်း၊ မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ပူဇော်သည်။

ထို့နောက် မိုင်းဖုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဉာဏသံဝရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အလှူရှင်များက နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တသုဓမ္မ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) (သာသနတက္ကသီလ ဓမ္မာစရိယ၊ B.A Buddhism, M.A သီရိလင်္ကာ)ထံမှ ရေစက်ချအနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါ နောင်ခမ်းမမ္မာရုံကျောင်းတော်ကြီးကို မိုင်းဖုန်းဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် သွပ်မိုး၊ အုတ်ကာကွန်ကရစ် အမျိုးအစား အလျား ၁၅၆ ပေ၊ အနံ ၉၉ ဒသမ ၆ ပေ၊ အမြင့် ၅၅ ဒသမ ၄ ပေဖြင့် ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ဝင့်ရည်အေး မိသားစုက ငွေကျပ် သိန်း ၅၈၀၅၀ ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း**

(ပြန်/ဆက်)

## မုံရွာမြို့တွင် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် ၂၀၂၆ အထိမ်းအမှတ် ကျင်းပ

**မုံရွာ မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်(၂၀၂၆) အထိမ်းအမှတ်ကို မေ ၂၈ ရက် နံနက်ပိုင်းက မုံရွာမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့သည်။

"ကာကွယ်ဆေးထိုးနှံတိုက်ကျွေးတဲ့လုပ်ငန်းဟာ နှစ်စဉ်အသက်ပေါင်းများစွာကို ကယ်တင်ပေးလျက်ရှိပြီး တစ်ကမ္ဘာလုံးမှာ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်တဲ့ ဖွံ့ဖြိုးတိုးတက်လာမှုတွေရဲ့ အောင်မြင်မှု ပြယုဂ်တစ်ခု ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးတဲ့ လုပ်ငန်းတွေ အရှိန်အဟုန်မြှင့်ဆောင်ရွက်တဲ့နေရာမှာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ အရည်အသွေးပြည့်ဝမှု ရှိစေဖို့ စွမ်းဆောင်ရည်မြှင့်တင်သင်တန်းတွေကို အရေးပါတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ ဒေသနဲ့ လိုက်လျောညီထွေရှိတဲ့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးတဲ့ လုပ်ငန်းတွေကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ပြီး အရည်အသွေးပြည့်မီတဲ့ ကာကွယ်ဆေးတွေကို သက်ဆိုင်ရာ ဦးတည်အုပ်စုတွေကို အချိန်မီ ထိုးနှံတိုက်ကျွေးပေးသွားကြဖို့ တာဝန်ရှိသူတွေကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားကြဖို့ လိုအပ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးကိုလေးက ပြောကြားသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြ




သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်အတူ မိခင်နှင့်ကလေးများအတွက် အခြားကျန်းမာရေးစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်နိုင်မှု စွမ်းဆောင်ရည်အကောင်းဆုံးဆုရမြို့နယ် သုံးမြို့နယ်ကို ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများမှ "မျိုးဆက်တိုင်းကိုကာကွယ်ထား ကာကွယ်ဆေး၏ စွမ်းပကား" Documentary Story နှင့် ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် "မျိုးဆက်တိုင်းကို ကာကွယ်ထား ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်း ဗီဒီယိုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၃၉၄)

## သရက်မြို့၌ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့အကြို သွေးလှူဒါန်း

**သရက် မေ ၂၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက သရက်ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကျင်းပခဲ့သည်။

အဆိုပါ သွေးလှူဒါန်းပွဲ အခမ်းအနားသို့ သရက်ခရိုင် မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ သရက်မြို့နယ်ဦးစီးမှူး ဦးဝေဖြိုးအောင်တို့က သွေးလှူဒါန်းသော တပ်ဖွဲ့ဝင်များကို အားပေးစကားများ ပြောကြားကာ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ အုပ်စိုးလင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြပြီး ပြည်သူ့ဆေးရုံကြီးမှ ဆေးဝါးနှင့်အာဟာရဖြည့်အစားအစာများကို သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင် ၃၂ ဦးတို့အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

*-*-*-*-*-*-*



## ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီး တည်ထားပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၂၉**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မုန့်တီစုရပ်ကွက်ရှိ နှစ်စဉ်မပြတ် တည်ထားပူဇော်ကြသော ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီးအား ယခုနှစ်တွင်လည်း (၂၄၂)ကြိမ်မြောက်အဖြစ် တည်ထားပူဇော်ပွဲကို မေ ၂၈ ရက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက် ၆ နာရီမှစ၍ မဟာဝါဠုကစေတိယအသင်းသားများက သဲပုံစေတီတော်ကြီးအား စတင်တည်ထားကြသည်။ ထို့နောက် နံနက် ၁၁ နာရီခွဲတွင် ဂေါပကအဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များက ရွှေထီးတော်အဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ကိုင်ဆောင်ကာ သဲပုံစေတီတော်ကြီးအား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်၍ မင်္ဂလာအချိန်တွင် သဲပုံစေတီတော်မြတ်ကြီး၏ အထွတ်သို့တင်လှူပူဇော်ကြပြီး အလှူရှင်များက ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ထို့နောက် သဲပုံစေတီတော်ကြီးအား ထုံးသင်္ကန်း၊ ပန်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဝါဠုကစေတိယအသင်းသားများက နေ့ချင်းပြီးတည်ထားကြသော ဉာဏ်တော် ၂၅ ပေရှိ သဲပုံစေတီတော်ကြီးမှာ ညပိုင်းတွင် အောင်မြင်စွာ ပြီးစီးသွားပြီးနောက် ရောင်စုံဆီမီးများဖြင့် ပူဇော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၃)

## မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**နေပြည်တော် မေ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရွာတော်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကော်မတီရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

**နော်လှူး**

# မင်းတုန်းမင်းစိုက်ပျိုးခဲ့သည့် ဗောဓိပင်များနှင့် ညောင်ရေသွန်းပွဲတော်များ





၂၀၂၆ ခုနှစ် ၁၃၈၇ ခုနှစ်၏ သင်္ကြန်ရက်များအတွင်း ကျွန်တော်ဘယ်မှ မသွားဖြစ်ပါ။ ကိုယ့်အိမ်မှာပဲ နေဖြစ်ပါသည်။ သင်္ကြန်ပြီးရင် မကြာခင် ကဆုန်လပြည့်နေ့ ရောက်တော့မှာပါလားဟု စိတ်ထဲ တွေးမိလိုက်ပါသည်။

ပြက္ခဒိန်ကြည့်လိုက်ပါသည်။ ဧပြီ ၃၀ ရက်နေ့ကျပါသည်။ မြန်မာခုနှစ်အရဆိုလျှင် ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့ ဖြစ်ပါသည်။ '**ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်**' ဟု ဖော်ပြထားပါသည်။ ကဆုန်လပြည့်နေ့နှင့် ဗောဓိညောင်ရေသွန်းပွဲတော်အကြောင်းကို ကျွန်တော် အတွေးဖြန့်ကြက်မိပါသည်။ 'ကဆုန်လပြည့် ဗုဒ္ဓနေ့'၊ 'ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း' ဟူ၍ ပြောဆိုကြပါသည်။

ဗောဓိပင်သည် ဘုရားလောင်း သိဒ္ဓတ္ထမင်းသား၏ ဖွားဖက်တော် ခုနစ်ပါးတွင် ပါဝင်သည်။ ဘုရားအလောင်းတော်သည် ဗောဓိပင်ကို အမှီပြုကာ သဗ္ဗညုတဉာဏ်တော်ကို ရရှိပြီး ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ထံမှ ဘုရားစင်စစ်ဧကန်ဖြစ်မည်ဟု ဗျာဒိတ်ခံယူရရှိခြင်း၊ ဘုရားအလောင်းတော်အား ဖွားမြင်တော်မူခြင်း၊ ဗောဓိပင်အောက်၌ ဘုရားဖြစ်တော်မူခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသော ထူးမြတ်သည့် အကြောင်းတရား လေးပါးရှိပါသည်။

ဗောဓိညောင်ပင်ကို မြတ်စွာဘုရားအဖြစ် အထွတ်အမြတ်ထား ရည်မှန်းကာ နှစ်စဉ်ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းပွဲကျင်းပသည်ဟူ၍ ထိုအကြောင်းအရာများကို တသီတတန်းကြီး တွေးတောမိပါသည်။

မိမိနေထိုင်သည့် မန္တလေးမြို့တွင် ညောင်ရေသွန်းပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသော နေရာများကို တွေးကြည့်ပါသည်။ဦးစွာ သတိရမိသည်မှာ ဗောဓိကုန်း၌ရှိသည့် ဗောဓိပင်ဖြစ်ပါသည်။ ထိုဗောဓိပင်ကို မင်းတုန်းမင်းက စိုက်ပျိုးခဲ့သည်ဟု ဖတ်ရှုမှတ်သားဖူးပါသည်။

ထို့နောက် မန္တလေးတောင်ခြေအနီး မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားပရိဝုဏ်အတွင်း၌ရှိသည့် ဗောဓိပင်များကိုလည်း သတိရမိပါသည်။ ထိုဗောဓိပင်များကိုလည်း မင်းတုန်းမင်းက စိုက်ပျိုးခဲ့သည်ဟု ဖတ်ရှုမှတ်သားဖူးပါသည်။

ထိုနှစ်ဌာနရှိ ဗောဓိပင်များကို ထိုခေတ် ထိုအခါ မန္တလေးနေပြည်တော်၌ မင်းတုန်းမင်းစိုးစံနေစဉ်တွင် တိုင်းတစ်ပါးမှ ပင့်ဆောင်လာသည်ဟု ဖတ်ရှုသိရှိထားပါသည်။ ထိုဗောဓိပင်များကို မည်သည့်ခုနှစ်တွင် မည်သို့သော အကြောင်းများကြောင့် စိုက်ပျိုးခဲ့သည်ကို သေချာရှင်းလင်းစွာ သိရှိလိုပါ၍ မိမိထံ၌ရှိသော စာအုပ်များကို ရှာဖွေပြီး ဖတ်ရှုလေ့လာရပါတော့သည်။ ဦးစွာ ဗောဓိကုန်းရှိ ဗောဓိပင်အကြောင်းကို တင်ပြအပ်ပါသည်။

မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်၊ ခရစ်နှစ် ၁၈၅၉ ခုနှစ်တွင် မင်းတုန်းမင်းသည် ရတနာပုံ မန္တလေးနေပြည်တော်ကို တည်ထောင်ပါသည်။

ထိုနှစ်အတွင်းမှာပင် သီဟိုဠ်ကျွန်းမှ ရဟန်းတော်တို့သည် သီဟိုဠ်ရဟန်းတို့ သိမ်အယူဝါဒကွဲပြားသည့်အမှုနှင့် မန္တလေးသို့ ကြွရောက်လာပြီး သာသနာပြု ဆရာတော်ကြီးများထံ လျှောက်ထားရာ သိမ်ဝိနိစ္ဆယအဆုံးအဖြတ်များကို ယူဆောင်ပြန်ကြွသွားပါသည်။ မင်းတုန်းမင်းသည် သီဟိုဠ်ရှိ စွယ်တော်မြတ်ကို ပင့်ဆောင်ကိုးကွယ်လိုသည့် ဆန္ဒရှိ၍ ပဋိသန္ထာရစကား ရေးသားပြီး သီဟိုဠ်သို့ပြန်ကြွမည့် ရဟန်းတော်တို့နှင့်အတူ မိမိ၏အမှုတော်ထမ်းတို့အား သီဟိုဠ်ကျွန်းရှိ ရဟန်းတော်တို့ကို ဆက်ကပ်လှူဒါန်းမည့် ပရိက္ခရာလှူဖွယ်များနှင့်အတူ သယ်ဆောင်စေ၍ စေလွှတ်ခဲ့ပါသည်။

မန္တလေးနေပြည်တော်သည် သာသနာတော်အတိုင်းထက်အလွန် စည်ပင်ထွန်းပသည်ဖြစ်သောကြောင့် သီဟိုဠ်မင်းနှင့် သီဟိုဠ်ရှိ ရဟန်းတော်တို့သည် မန္တလေးသို့ပြန်မည့် အမှုတော်ထမ်းတို့အား စွယ်တော်မြတ်ပွား၊ ဗောဓိပင်တော်၊ ဗောဓိဒက္ခိဏာသာခါ၊ ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ သိမ်ပုံများကို လှူဒါန်းပြီး ပင့်ဆောင်စေခဲ့ပါသည်။

မန္တလေးနေပြည်တော်သို့ ရောက်ရှိသည့်အခါ မင်းတုန်းမင်းသည် ခမ်းနားထည်ဝါစွာ ကြိုဆိုပူဇော်ပါသည်။

'သက္ကရာဇ် ၁၂၂၂ ခု၊ နတ်တော်လတွင် ရွှေမြို့တော်တောင်ပြင် မဟာနွယ်စဉ်ရပ်၌ သီဟိုဠ်ကျွန်းက ပင့်ဆောင်ရောက်ရှိလာသည့် ဗောဓိပင်တော်ကို အခါတော်နှင့် မြေမျိုး၊ ရေမျိုးစုံတို့ဖြင့် ပတ္တမြား ငါးရစ်စီ အပေါက်တစ်ထောင်ရှိသော ရွှေဖျဉ်းအိုးကြီးခံ၍ စိုက်ပျိုးပြုစုတော်မူပြီးလျှင် မဟာရံမီးတားနှင့်တကွ အုတ်ဇရပ်တော်ကြီး ရှစ်ခုရံ၍ မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းတော်မူခဲ့လေသည်။

သီဟိုဠ်ရဟန်းတော်များပင့်ဆောင်ခဲ့သည့် ဗောဓိပင်မှာ ၁၂၂၁ ခု၊ နယုန်လဆန်း ၁၄ ရက်ကပင် မန္တလေးရတနာပုံသို့ ရောက်ရှိခဲ့ရာ ထိုအခါက ဗောဓိပင်မှာ သံတောင်တစ်တောင် ၁၉ လက်မမျှသာရှိသည်ဟု ဆိုလေသည်။

(၁၃၂၁ ခု၊ ၁၉၅၉ ခုတွင် ပုံနှိပ်သည့် ရွှေကိုင်းသား၏ အနှစ် ၁၀၀ ပြည့် မန္တလေးစာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။)

ထိုသို့ဆိုလျှင် ထိုဗောဓိကုန်းရှိ ဗောဓိပင်သည် ယခု ၁၃၈၈ ခုနှစ်၊ ၂၀၂၆ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၆၆ နှစ် ရှိပြီဖြစ်ပါသည်။

ဆက်လက်၍ မန္တလေးတောင်ခြေအနီး မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်းရှိ ဗောဓိပင်များအကြောင်းကို တင်ပြပါမည်။

'သက္ကရာဇ် ၁၂၂၇ ခုနှစ် သက်တော် ငါးဆယ့်တစ်နှစ်၊ ကဆုန်လ၊ မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်က ယူဆောင်ဆက်သသည့် ဗောဓိပင်တော်ကို ကျောက်တော်ကြီးဘုရားရပ်ပွားတော် မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်တွင် ဗောဓိပင်စိုက် အခမ်းအနားနှင့် ပွဲသဘင်ကြီးစွာခံယူတော်မူ၍ ထွက်တော်မူပြီးလျှင် အခါတော်ရောက်သည့်ကာလ အမြောက်သံ သုံးချက်ပေး၍ ဗောဓိပင်တော်ကို ဘဝရှင်မင်းတရားကြီး ကိုယ်တော်တိုင် စိုက်တော်မူသည်။ ၎င်းအနောက်မြောက်ထောင့် မဟာရံတံတိုင်းပြင်ထပ်အတွင်း ဗောဓိပင်တော်ကိုလည်း အထက်ဗောဓိပင်တော် စိုက်ပျိုးသည့်နည်း အခမ်းအနားနှင့် အရှင်နှစ်ပါး ထွက်တော်မူ၍ စိုက်ပျိုးတော်မူသည်။ ၎င်းအရှေ့တောင်ထောင့်၊ အနောက်တောင်ထောင့်များကလည်း ၎င်းနည်း စိုက်တော်မူသည်။'

**(၁၃၃၀ ပြည့်နှစ်၊ ၁၉၆၉ ခုနှစ်တွင် ထုတ်ဝေသည့် ကန်တီမြို့စစ်ကဲ မင်းထင်ရာဇာ၏ မန္တလေးရတနာပုံ မဟာရာဇဝင်တော်ကြီး စာအုပ်မှ ထုတ်နုတ်ဖော်ပြပါသည်။)**

ထိုသို့ဆိုလျှင် ထိုမဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်း၌ရှိသည့် ဗောဓိပင်များသည် ယခု ၁၃၈၈ ခုနှစ်၊ ၂၀၂၆ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၆၁ နှစ် ရှိပြီဖြစ်ပါသည်။

မန္တလေးမြို့တော်၌ မင်းတုန်းမင်းကိုယ်တိုင် စိုက်ပျိုးခဲ့သည့် ဗောဓိပင်တို့တွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ရောက်တိုင်း ညောင်ရေသွန်းပွဲတော်များကို ခမ်းနားသိုက်မြိုက်စွာ ယနေ့တိုင် ဆက်လက်ကျင်းပနိုင်ခြင်းသည် ဝမ်းမြောက်ကြည်နူးဂုဏ်ယူစရာပင်ဖြစ်ပါသည်။

**ကိုးကား**- (ကျက်သရေဆောင်-ရွှေစလွယ်ရ ဝန်ထောက်မင်း ဦးမောင်မောင်တင် (I) K.S.M., T.M ၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း၏ နယ်လှဲ့ရာဇဝင်(မူရင်းသတ်ပုံအတိုင်း)၊ နတ်မောက်ထွန်းရှိန်၏ ယနေ့မန္တလေး၊ မန္တလေးရတနာပုံ ဘုရားစုံစာအုပ်တို့ကိုလည်း ကိုးကားပါသည်။)

**စိုင်းအောင်မိန်း(မိုတိုင်း)**

**မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်း၌ရှိသည့် ဗောဓိပင်များသည် ယခု ၁၃၈၈ ခုနှစ်၊ ၂၀၂၆ ခုနှစ်တွင် သက်တမ်းအားဖြင့် ၁၆၁ နှစ် ရှိပြီဖြစ်ပါသည်။ မင်းတုန်းမင်းတည်ထောင်ခဲ့သည့် မန္တလေးမြို့တော်၌ မင်းတုန်းမင်းကိုယ်တိုင် စိုက်ပျိုးခဲ့သည့် ဗောဓိပင်တို့တွင် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ရောက်တိုင်း ညောင်ရေသွန်းပွဲတော်များကို ခမ်းနားသိုက်မြိုက်စွာ ယနေ့တိုင် ဆက်လက်ကျင်းပနိုင်ခြင်းသည် ဝမ်းမြောက်ကြည်နူးဂုဏ်ယူစရာပင် ဖြစ်ပါသည်။**

# နှစ်စဉ်မပြတ် ကျင်းပလျက်ရှိသော
# (၁၆)ကြိမ်မြောက် ကြာဆံဟင်းခါး စတုဒိသာ ဖိတ်ကြားလွှာ

ကျွန်တော်များ အောင်မြင်သူ ကုမ္ပဏီများအုပ်စုမှ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်အတွင်းရှိ 'အောင်တော်မူ မြတ်စွာဘုရားဝင်း'အတွင်း၌ ကဆုန်လပြည့်နေ့ ကဆုန်ညောင်ရေသွန်းပွဲတော်တွင် ဘုရားဖူးလာ ဧည့်ပရိသတ်အပေါင်းတို့အား ကြာဆံဟင်းခါး စတုဒိသာတိုက်ကျွေးခြင်း ကုသိုလ်ပြုလုပ်မည်ဖြစ်ပါ၍ လာရောက်သုံးဆောင်နိုင်ပါရန် ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

## စတုဒိသာအစီအစဉ်

နေ့ရက် - ၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ (၃၀-၄-၂၀၂၆) (ကြာသပတေးနေ့။)

အချိန် - ညနေ (၃း၀၀) နာရီ မှ ညနေ (၆း၀၀) နာရီ အထိ။

နေရာ - ချမ်းအေးသာစံမြို့နယ်၊ အောင်တော်မူမြတ်စွာဘုရားဝင်းအတွင်း။


### ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၁၈)၊ ဦးပိုင်အမှတ်(၆)၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၄၂၅၆/၉၀-၉၁)အရ ဦးသန်းအောင် မှတ်ပုံတင်အမှတ်(၉/မနတ(နိုင်)၀၇၆၇၅၄) အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်စောမြင့် မှတ်ပုံတင်အမှတ်(၉/မနမ(နိုင်)၀၆၅၉၃၀)မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။


လျှပ်စစ်
သုံးလျှင်
သတိယှဉ်
ဝန်အားမမျှ
မသုံးရ။


### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (၁/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည့် လုပ်ငန်းများအမည်-

(၁) ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင်အဝိုင်းအနီး (၉)ခန်းတွဲ အဆင့်မြင့်သန့်စင်ခန်းတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း(Lot-1)

(၂) ဒုဋ္ဌဝတီရေပေးရေးလုပ်ငန်းစဉ်များမှ ရေပိုက်လိုင်းများ ဆက်သွယ်ချထားခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်း(Lot-2)

(၃) ချမ်းအေးသာစံမြို့နယ်၊ ၃၅လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ ကလိုရင်းစက်ရုံဟောင်း စက်ရေတွင်းနှင့် မဟာအောင်မြေမြို့နယ်၊ ၄၃လမ်း၊ (၇၈လမ်းနှင့် သံလမ်းကြား)၊ စင်မြင့်ရေစင်(၁) သို့ 11 KV Hot Line သွယ်တန်းခြင်းလုပ်ငန်းများ(Lot-3)

(၄) ချမ်းမြသာစည်မြို့နယ်၊ (ဆ-၁၂)၊ မြနန္ဒာပန်းခြံစက်ရေတွင်းနှင့် ၄၆လမ်းနှင့် ၁၁၇လမ်း၊ ၁၁၇လမ်းနှင့် ၁၁၉လမ်းကြားရှိ (တန်ဖိုးနည်းအိမ်ရာ) စက်ရေတွင်းများသို့ 11 KV Hot Line သွယ်တန်းခြင်းလုပ်ငန်းများ(Lot-4)

(၅) ချမ်းမြသာစည်မြို့နယ်၊ တန်ဖိုးနည်းအိမ်ရာ၊ ၄၆လမ်းနှင့် ၁၁၇လမ်း၊ စက်ရေတွင်းတွင် 50 KW Hybrid Solar ဓာတ်အားပေးစနစ်တပ်ဆင်ခြင်းလုပ်ငန်း(Lot-5)

(၆) အောင်မြေသာစံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရွှေတချောင်းမြောင်းပေါင် ကျောက်ရိုးစီမြှင့်တင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်း (Lot-6)

(၇) အမရပူရမြို့နယ်၊ ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံ New Pumping Station ပျက်စီးမှုအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်း (Lot-7)

(၈) အောင်မြေသာစံမြို့နယ်၊ အမှတ်(၁၆) ရေတွန်းစက်ရုံတွင် ရေသန့်စင်စနစ် 1.5 MGD Treatment Plant တည်ဆောက်ခြင်း (Lot-8)

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၇) ရက် |
| (ဂ) | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၂) ရက် |
| (ဃ) | တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက် |
| (င) | တင်ဒါအာမခံကြေး (၁%)ပေးသွင်းခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက်<br>- ၂၀၂၆ ခုနှစ်၊ မေလ (၂၈) ရက် |
| (စ) | တင်ဒါပုံစံလက်ခံခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက် |
| (ဆ) | တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၈) ရက် |
| (ဇ) | တင်ဒါဖွင့်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၉) ရက် |
| (ဈ) | တင်ဒါတင်သွင်းရမည့်နေရာ | - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ည) | တင်ဒါလျှောက်လွှာဈေးနှုန်း | - Lot 1,3,4,5,6,7 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း<br>Lot 8 တစ်စောင်လျှင် ၁၅,၀၀၀/-နှုန်း<br>Lot 2 တစ်စောင်လျှင် ၅၀,၀၀၀/-နှုန်း |

၂။ တင်ဒါပုံစံများအား (၇-၅-၂၀၂၆)ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း ၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာန
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း (၂/၂၀၂၆-၂၀၂၇)

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါခေါ်ယူ၍ ဝယ်ယူမည့် ပစ္စည်းများအမည်-

(၁) 18.5 KW & 67 KW Submersible Pump များ ဝယ်ယူခြင်း (Lot-1)

(၂) 45 KW & 37 KW Submersible Pump များ ဝယ်ယူခြင်း (Lot-2)

(၃) 11 KW & 4 KW Submersible Pump များ ဝယ်ယူခြင်း (Lot-3)

(၄) အိမ်သွယ်ပိုက်နှင့် ပိုက်ဆက်ပစ္စည်းများဝယ်ယူခြင်း (Lot-4)

(၅) 8" GI Casing များ ဝယ်ယူခြင်း (Lot-5)

(၆) 6" GI Casing, 6" Steel Screen & 6" Riser Pipe with Special Socket များ ဝယ်ယူခြင်း (Lot-6)

(၇) Ø 10" GI Casing & Ø 10" Steel Screen များ ဝယ်ယူခြင်း (Lot-7)

(၈) ရေမီတာများနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း (Lot-8)

(၉) 160 mm နှင့် 63 mm HDPE Pipe များ ဝယ်ယူခြင်း (Lot-9)

(၁၀) ရေဝေပိုက်ဆက်ပစ္စည်းများ ဝယ်ယူခြင်း (Lot-10)

(၁၁) Chlorination System နှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်း (Lot-11)

(၁၂) 400 KVA, 315 KVA, 160 KVA & 100 KVA Transformer များ ဝယ်ယူခြင်း (Lot-12)

(၁၃) Aluminium Chlorohydrate(ACH) ဝယ်ယူခြင်း (Lot-13)

| | | |
|---|---|---|
| (ခ) | တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၇) ရက် |
| (ဂ) | တင်ဒါပုံစံအရောင်းပိတ်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၂) ရက် |
| (ဃ) | တင်ဒါအချက်အလက်ရှင်းလင်းမည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက် |
| (င) | တင်ဒါအာမခံကြေး (၁%)ပေးသွင်းခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက်<br>- ၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက် |
| (စ) | တင်ဒါပုံစံလက်ခံခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၅) ရက် |
| (ဆ) | တင်ဒါပုံစံလက်ခံစာရင်းပိတ်ခြင်း | - ၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက် |
| (ဇ) | တင်ဒါဖွင့်မည့်နေ့ | - ၂၀၂၆ ခုနှစ်၊ မေလ (၂၈) ရက် |
| (ဈ) | တင်ဒါတင်သွင်းရမည့်နေရာ | - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| (ည) | တင်ဒါလျှောက်လွှာဈေးနှုန်း | - Lot 1,2,3,4,5,6,7,9,10,11,12,13 တစ်စောင်လျှင် ၁၀,၀၀၀/-နှုန်း<br>Lot 8 တစ်စောင်လျှင် ၁၅,၀၀၀/-နှုန်း |

၂။ တင်ဒါပုံစံများအား (၇-၅-၂၀၂၆)ရက်မှစတင်၍ ရုံးချိန်အတွင်း ဌာနသို့လာရောက်၍ ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရေနှင့်သန့်ရှင်းမှုဌာန (ဖုန်း ၀၉-၂၂၁၅၆၇၅)သို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ
ရေနှင့်သန့်ရှင်းမှုဌာန

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၅)၊ ဦးပိုင်နံပါတ် (၄-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀.၀၁၃၇)ဧက၊ ပေ(၂၀×၃၀)အကျယ်အဝန်းရှိ ဦးမြင့်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၀ပေ× ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချစ်စုဝင်း(ဘ)ဦးကျော်ကျော် (၉/အမဇ(နိုင်)၀၄၇၁၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၈)၊ ဦးပိုင်နံပါတ်(၂၃-က)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးအေးသွင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ချိုဝင်း (ဘ)ဦးညီပိုင်(၉/မခန(နိုင်)၀၀၁၀၄၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်နံပါတ် (၃၄)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးထွန်းတင် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်းပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရာထို(ဘ)ဦးလင်ခေါင်၊ KKI-၀၄၅၅၅၄[၄င်း၏ကိုယ်စား သားဖြစ်သူ ဦးဝင်းမောင်မောင်(ဘ)ဦးကျော်ဝင်း(၉/မဟမ(နိုင်)၀၀၂၈၀၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်နံပါတ်(၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်ကြည်ကြည် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဒေါ်သင်ဇာထွန်း(ဘ)ဦးထွန်းရွှေ(၉/ခမစ(နိုင်)၀၁၁၇၆၈)နှင့် ဒေါ်သိမ့်ရတနာမိုး(ဘ)ဦးတင်အောင်မိုး (၇/ပခန(နိုင်) ၂၉၁၁၉၉)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင် (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း (LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန် (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၅)၊ ဦးပိုင်နံပါတ် (၄၄)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးသန့်စင်(ခ)ဦးသန့်ဇင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်းပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အန်ကြည်(ဘ)ဦးအုန်းလှိုင်(ခ) ဦးအုံးလှိုင်(၁၂/မဂတ(နိုင်)၀၁၈၁၂၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်အေးစုထွန်း(LL.B , LL.M , D.B.L)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာမာဌေး(LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## ပျောက်ဆုံးကြောင်း

မဒီလာမာယာ(ဘ)ဦးသာဂစ်(စ်)ဝါရ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မကန(နိုင်)၀၁၃၃၄၀)ကိုင်ဆောင်သူ၏ Passport No-MJ 464077 သည် ပျောက်ဆုံးနေပါသဖြင့် အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မဒီလာမာယာ**
**၀၉-၉၅၁၂၁၄၈၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၁)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးဘို အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းနိုင်ဝင်း(ဘ)ဦးရန်အောင်(၉/ညဥန(နိုင်)၁၆၇၈၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
၅၄လမ်း၊ ၁၂၅လမ်းနှင့်၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၂-ရေထွက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇/၁)၊ ဧရိယာ(၀ ဒသမ ၈၁)ဧကရှိ မြေနေရာအား ဦးချန်ချန့်(ခ)ဦးတင့်လွင်(၁/မကန(ဧည့်)၀၀၀၄၃၁)မှ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေနေရာအား ဦးချန်ချန့်(ခ)ဦးတင့်လွင်(၁/မကန(ဧည့်)၀၀၀၄၃၁)အမည်ဖြင့် မြေငှားဂရန်**အသစ်** ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်(၄၉၂-ည)၊ ဦးပိုင်အမှတ်(၁-ဃ)၊ မြေကွက်ပေါ်တွင် ဦးကျော်ထက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၁၁၂၇၂၃)က RC - ၃ ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်(၇၉၇)၊ ဦးပိုင်အမှတ်(၃၈+၃၉)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန္တာအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ခဉန(နိုင်)၀၀၁၇၉၂)က RC- ၃ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဖျက်မိန့်)

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဓေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၃၈+၃၉)၊ မြေကွက်ပေါ်တွင် ဒေါ်ခင်သန္တာအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၅/ခဉန(နိုင်)၀၀၁၇၉၂)က နံကပ် ၁ ထပ်ဖျက် အဆောက်အအုံဖျက်သိမ်းခွင့် (အိမ်ဖျက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၂၁/၂)၊ ဧရိယာ(၀ ဒသမ ၆၀)ဧကရှိ မြေနေရာအား ဦးသိန်းမြင့်ထွန်း(၅/ခတန(နိုင်)၀၀၀၈၉၉)မှ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေနေရာအား ဦးသိန်းမြင့်ထွန်း(၅/ခတန(နိုင်)၀၀၀၈၉၉)အမည်ဖြင့် မြေငှားဂရန်**အသစ်** ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၀၂-ရေထွက်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၅၀)ဧကရှိ မြေနေရာအား ဒေါ်ဖူးလှ(ခ)ဒေါ်အေးအေးဝင်း(၉/မရမ(နိုင်)၀၃၇၇၇၆)မှ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေနေရာအား ဒေါ်ဖူးလှ(ခ)ဒေါ်အေးအေးဝင်း(၉/မရမ(နိုင်)၀၃၇၇၇၆)အမည်ဖြင့် မြေငှားဂရန်**အသစ်** ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၈၈)၊ ဧရိယာ(၀ ဒသမ ၂၈)ဧကရှိ မြေနေရာအား ဦးကိုကိုလေး(၉/မရမ(နိုင်)၀၁၄၀၉၆)မှ အစဉ်တစိုက် နေထိုင်ပိုင်ဆိုင်ခဲ့ပြီး အဆိုပါ မြေနေရာအား ဦးကိုကိုလေး(၉/မရမ (နိုင်)၀၁၄၀၉၆)အမည်ဖြင့် မြေငှားဂရန်**အသစ်** ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၂၉

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဉယျာဉ်တော်တို့၌ ဧပြီ ၃၀ ရက်တွင် ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Farmer's Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV Website၊ MRTV App နှင့် အွန်လိုင်းတို့မှ Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအစီအစဉ်များအနက် ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ မှစတင်၍ ဆီမီးတိုင်များနှင့် လှည့်လည်ပူဇော်ပွဲကို မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းမှ ဥပ္ပါတသန္တိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်မှ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်မုခ်ဦးမှ တစ်ဆင့် မာရဝိဇယစေတီတော်ကြီးအထိ လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်နှင့် ဥပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားများကို ည ၇ နာရီမှစတင်၍လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ အဂ္ဂမိပတိသာသနာ့ဗိမာန်တော်တွင် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပပုံကို ည ၈ နာရီခွဲမှစတင်၍ လည်းကောင်း တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပကြသည်။

စာမျက်နှာ ၆ သို့ ➲



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများ ကျင်းပစဉ်။

# ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

နေပြည်တော် ဧပြီ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာစီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်ပမှ စွမ်းအင်သွင်းကုန်များ လျှော့ချပြီး ပြည်တွင်းစွမ်းအင် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆိုင်ရာကိစ္စရပ်များကို ရေတို/ရေရှည် အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်တွင်းတွင် ရေနံထွက်ပစ္စည်းများကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန် ခေတ်မီရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်း၊ ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်



ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးလုပ်ငန်းများ ဆောင်ရွက်စေခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၁၄)မှပါးလွှာသဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာမှ ယမန်နေ့တွင် သဘာဝဓာတ်ငွေ့ ကုဗပေ နှစ်သန်းခန့်ထုတ်လုပ်နိုင်ခဲ့သည်။ လက်ရှိတိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များအား ရန်ကုန်မြို့ရှိ ရွာမသဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဖြန့်ဖြူးပေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အဖျောက်၊ မအူပင် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ပါးလွှာသဲကြောများကို သုတေသနပြု ဆန်းစစ်ပြီး ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်မြို့ရှိ CNG သုံး မော်တော်ယာဉ်များ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ စက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး ကဏ္ဍတို့တွင် ဖြန့်ဖြူးသုံးစွဲလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်